စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၇/၂၀၂၂**

myantrade

## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- မတ်ပဲဈေးအပြောင်းအလဲနှင့်ဈေးကွက်
- ရှမ်းတောင်သရက်များစတင်ထွက်ရှိမှုနှင့် ဈေးကွက်သို့တင်ပို့မှုအခြေအနေ
- ပြည်တွင်း၊ ပြည်ပဝယ်လိုအားကောင်း၍ ထောပတ်ပဲအမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေ
- ရွှေလီလက်ကားသစ်သီးဈေးကွက်အတွင်း မြန်မာ့သရက်အဝင်နည်းလာ တရုတ်ဈေးကွက်သို့ သရက်တင်ပို့မှု ပြီးဆုံးတော့မည်

### နိုင်ငံတကာဈေးကွက်

- ဗီယက်နမ်နိုင်ငံက အိန္ဒိယနိုင်ငံနေရာကို အစားထိုးပြီး ကမ္ဘာ့ဈေးကွက်သို့ ဆန်များတင်ပို့မည်
- ရုရှား- ယူကရိန်းစစ်ပွဲကြောင့် ထိုင်းနိုင်ငံ၏ ပီလောပီနံတင်ပို့မှု မြင့်တက်လာခြင်း
- ၂၀၂၁ ခုနှစ်တွင် အနည်းငယ်တိုးတက်မှုရှိခဲ့သည့် ဘယ်လ်ဂျီယံနိုင်ငံ၏ ငါးဖမ်းလုပ်ငန်းကဏ္ဍ
- အင်ဒိုနီးရှားတွင် ဆီအုန်းစိုက်ခင်းပိုင်ဆိုင်မှုများစိစစ်
- ကမ္ဘောဒီးယားနိုင်ငံ၏ ရော်ဘာတင်ပို့မှု ပထမငါးလအတွင်း သုံးရာခိုင်နှုန်းမြင့်တက်ခဲ့
- ရုရှားအတွက် အီရန် ပို့ဆောင်ရေး လမ်းကြောင်းသစ်
- အိန္ဒိယ၏အကြီးမားဆုံး ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းကြီး UltraTech Cement က ရုရှားကျောက်မီးသွေးများ တင်သွင်းနေပြီး တရုတ်ယွမ်ငွေဖြင့်ပေးချေ
- တရုတ်နိုင်ငံရဲ့ ပထမဆုံး ပင်လယ်–ရထားလမ်း ကြားခံပါဝင်သော ကွန်တိန်နာဂိတ်သစ် ဖွင့်လှစ်

### ပြည်တွင်းကုန်သွယ်မှုသတင်း

- ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား ဆွဲဆောင်စေနိုင်မည့် ရေလယ်ကျွန်း အပန်းဖြေစခန်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်
- မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန် လုပ်ငန်းမှတ်ပုံတင် အခု ၁၆၀ ခွင့်ပြုထုတ်ပေးထား
- ဆန်၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများ နယ်စပ်မှ တင်ပို့ခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

### ပြည်ပကုန်သွယ်မှုသတင်း

- မြန်မာနိုင်ငံမှ ပြည်ပသို့တစ်လလျှင် ပျမ်းမျှဆန်တန်ချိန် နှစ်သိန်းခန့်နှင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆန်မက်ထရစ်တန် နှစ်သန်း တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်နေ
- စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များအတွက် ရုရှားနှင့်ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေး
- ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ကျင်းပမည့် STARTMEUP HK နှင့် FINTECH WEEK 2022 သို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်နိုင်ရန် ဖိတ်ခေါ်
- ၂၀၂၃ တွင် ကွန်တိန်နာအခွံ TEU ၁၃ သန်းအထိ ပိုလျှံနိုင်ဟု ခန့်မှန်း
- လာမည့်ပြောင်းရာသီ၌ နယ်စပ်ကုန်သွယ်ရေးဖြင့် ပြည်ပသို့ ပြောင်းတင်ပို့ရာတွင် ပိုးမွှားကင်းစင်ရေး အသိအမှတ်ပြု မှတ်ပုံတင်အရ တင်ပို့နိုင်မည်ဖြစ်
- မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်း လေးနိုင်ငံမှ ရေလုပ်သားများ ထိုင်းခေါ်ယူ

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသန
ဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail. com

**အထူးဆောင်းပါးများ**

- ကမ္ဘာ့ဆန်ဈေးကွက်ကို အိန္ဒိယ ဘာကြောင့် အဆုံးအဖြတ်ပေးနိုင်တာလဲ

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## မတ်ပဲဈေးအပြောင်းအလဲနှင့်ဈေးကွက်

မတ်ပဲဈေးနှုန်းတက်လာနေပြီး ဈေးနှုန်းအမြင့်ဖြင့်ရပ်တည်နေခဲ့သည်မှာ သီတင်းပတ်အနည်းငယ်ကြာခဲ့ပြီဖြစ်သည်။ သို့သော် ယခုရက်ပိုင်းအတွင်းမတ်ပဲဈေးအကျဖက်သို့အနည်းငယ်ပြန်လည်ရောက်ရှိလာသည်။

ရောဝတီတိုင်းဒေသကြီးအတွင်း ယခင်သီတင်းပတ်မှ ယနေ့အထိ ဖြစ်ပေါ်ခဲ့သောမတ်ပဲဈေးနှုန်းများမှာ ဇူလိုင်လ ၁ ရက် နေ့တွင် တစ်တင်းလျှင်ကျပ် ၅၅၈၀၀၊ ၂ ရက်နေ့တွင် ကျပ် ၅၆၀၀၀၊ ၃ ရက်နေ့တွင် ကျပ် ၅၆၂၀၀၊ ၄ ရက်နေ့တွင် ကျပ် ၅၆၂၀၀၊ ၅ ရက်နေ့တွင် ကျပ် ၅၅၇၀၀၊ ၆ ရက်နေ့တွင် ကျပ် ၅၅၅၀၀၊ ၇ ရက်နေ့ နံနက်ပိုင်းတွင် ကျပ် ၅၃၆၀၀ နှင့် နေ့လည်ပိုင်းတွင် ကျပ် ၅၄၅၀၀ အသီးသီးဖြစ်ပါသည်။ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံမှသတင်းဌာနများ၏ ထုတ်ပြန် ကြေငြာချက်အရ မြန်မာမတ်ပဲကို အိန္ဒိယကအရန်ပဲအဖြစ်ဆက်လက်ဝယ်ယူမည်ဖြစ်ပြီး မြန်မာမတ်ပဲသည်လည်း လက်ကျန်နည်းပါးလာသည့် အခြေအနေဖြစ်သည်။ ထို့အပြင် အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုနည်းပါးသည့်ဖြစ်စဉ်များကြောင့် ပဲစိုက်ဧရိယာကျဆင်းခြင်းနှင့် ဝယ်လိုအားကောင်းလာမှုများကြောင့် မတ်ပဲဈေးတက်လာခဲ့သည်။

ယခုရက်ပိုင်းအတွင်းမတ်ပဲဈေးနှုန်းပြန်လည်ကျဆင်းလာခဲ့ပြီး ဇူလိုင် ၇ ရက်နေ့တွင် မနက်ပိုင်း နေ့လည်ပိုင်း ဈေးနှုန်းကွာခြားချက်များပြားစွာ ဈေးအတက်အကျဖြစ်ပေါ်ခဲ့သည်။ ပြည်တွင်းပဲမျိုးစုံအပါအဝင် ပို့ကုန်သွင်းကုန်များ၏ ဈေးနှုန်းများ မတည်ငြိမ်ပဲ အရောင်းအဝယ်အေးနေသည်။ အရောင်းရှိသော်လည်းအဝယ်မရှိကြောင်း၊ နိုင်ငံတော်မှထုတ်ပြန်သော အမိန့်ကြော်ငြာစာများအရ အချိန်ကာလအလျောက် မူဝါဒအမျိုးမျိုးပြောင်းလဲလျှက်ရှိပြီး ဈေးကွက်အပေါ်ယုံကြည်မှု ကျဆင်းလာကြကြောင်း၊ ထို့ကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာဖြစ်ပေါ်ပြီး ဈေးကျဆင်းလာခြင်းဖြစ်ကြောင်း၊ ပဲဈေးနှုန်းနှင့်ပဲဈေးကွက်အခြေအနေများသည် နိုင်ငံရေးအခြေအနေများပေါ်တွင်လည်းမူတည်ကြောင်း သတင်းရင်းမြစ်တစ်ခုမှသိရသည်။ ယနေ့အထိ ချန်နိုင်းဈေးကွက်တွင် မတ်ပဲ SQ ဈေးနှုန်း အတက်အကျမရှိ ဈေးအမြင့်တွင်တည်ငြိမ်နေပြီး ဇူလိုင်လ ၁ ရက်နေ့မှ စတင်ကာ မိုးရွာသွန်းမှုများလာသောကြောင့် အိန္ဒိယ၏ ပဲစိုက်ဧရိယာတိုးလာပြီး ယခင်ပုံမှန်အခြေအနေပြန်လည်ရောက်ရှိ လာကြောင်း သိရသည်။

ပြည်တွင်းပဲလက်ကျန်နည်းနေသော်လည်း ပြည်တွင်းဈေးနှုန်းနှင့် တင်သွင်းမှုများအပေါ် အိန္ဒိယအစိုးရက မူဝါများချမှတ်ကာ ထိန်းကြောင်းသွားမည်ဖြစ်ကြောင်းနှင့် မြန်မာပြည်တွင်းပဲဈေးကွက်သည်လည်း ရက်အနည်းငယ်မျှ စောင့်ကြည့်ရမည့်အခြေအနေဖြစ်ကြောင်း မတ်ပဲဈေးနှုန်းသည် ယခုရက်ပိုင်းအတွင်းတည်ငြိမ်မည်မဟုတ်ကြောင်း ဈေးအမြင့်သို့ဆက်လက်မျှော်လင့်နိုင်မည်မဟုတ်ကြောင်း သိရသည်။

Source: ရောကုန်သွယ်မှုဇဟိုဌာန

## ရှမ်းတောင်သရက်များစတင်ထွက်ရှိမှုနှင့် ဈေးကွက်သို့တင်ပို့မှုအခြေအနေ

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း သရက်စိုက်ပျိုးမှုကို ရပ်စောက်၊ တောင်ကြီး၊ ညောင်ရွှေမြို့နယ်များ၌ စိုက်ပျိုးကြပြီး ယခုဇွန်လဆန်းပိုင်းမှ စတင်၍ အချို့ကျေးရွာမှ တောင်သူများသည် စိန်တလုံးသရက်သီးများကို မူဆယ်နယ်စပ်ပွဲရုံများမှတဆင့် တရုတ်နိုင်ငံသို့ နေ့စဉ်(၁၂)ဘီးကား(၃ စီးမှ ၄စီး)ခန့် တင်ပို့လျက်ရှိသည်။ စိန်တလုံးသရက်သီးများ၏ အနာအဆာ၊ အရောင်၊ အလုံးဆိုဒ်နှင့် အရည်အသွေး ကောင်းမွန်ခြင်းတို့ကြောင့် (16kg)တစ်ခြင်းလျှင် ယွမ် ၁၄၀ မှ ၁၅၀ ၊ အရည်အသွေးအသင့်နှင့် အလုံးဆိုဒ်သေးများမှ (16kg)တစ်ခြင်းလျှင် ၈၀ ယွမ် ခန့်ရရှိ၍ ယခုအခါတရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် စစ်ဆေးခြင်းကို ဖြေလျော့ပေးခဲ့ခြင်းကြောင့် သစ်သီးဝလံများ တင်ပို့မှုပိုမိုအဆင်ပြေလာ ကြောင်းသိရသည်။

ယခုနှစ်ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရာသီဥတုကောင်းမွန်ခြင်းကြောင့် ယခင်နှစ်ထက် အထွက်ကောင်းကြောင်း ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် ၁ တန် မှ ၁ တန်ခွဲထွက်ရှိပြီး ပြည်နယ် တစ်ခုလုံးအနေဖြင့် တန်ချိန် (၃၀၀၀)ခန့် ထွက်ရှိနိုင်ကြောင်းနှင့် တောင်သူများ ဈေးနှုန်းရရှိမှု အနေဖြင့် စိန်တလုံးသရက်သီး တစ်လုံးလျှင် ပျမ်းမျှ (၃၀၀ မှ ၆၀၀)ကျပ်ခန့်ရရှိပြီး အခြားပြည်ပနိုင်ငံသို့ တင်ပို့ရန်အတွက် ရပ်စောက်မြို့နယ်ရှိ ရပ်စောက်သရက် အများပိုင်ကုမ္ပဏီထံသို့ စင်ကာပူနိုင်ငံမှ ဝယ်ယူရန် ကမ်းလှမ်းမှုများရရှိထားကြောင်းသိရသည်။

နည်းပညာပံ့ပိုးမှုအနေဖြင့် လင်ချန်း-မဲခေါင်စီမံကိန်းမှ စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ သီးထိုးယဉ်ပိုး၊ အစေ့ထိုးပိုးနှင့် အသားထိုးပိုးများကျရောက်ခြင်းရှိမရှိကို သရက်ခြံတစ်ခြံလျှင် အလုံး(၁၅၀)ခန့်အား ခွဲစိတ် စစ်ဆေးမှုကို ခြံပေါင်း(၄၀)ခန့် ဆောင်ရွက်ခဲ့ပြီး ပိုးမွှားကာကွယ်ရေးအတွက် နည်းပညာဖြန့်ဝေခဲ့ကြောင်း ရပ်စောက်သရက်အသင်းထံမှ သိရသည်။

Source: ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန

## ပြည်တွင်း၊ ပြည်ပဝယ်လိုအားကောင်း၍ ထောပတ်ပဲအမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေ

ပြည်တွင်း၊ ပြည်ပဝယ်လိုအားကောင်း၍ ထောပတ်ပဲဈေးကွက်သွက်လက်လှုပ်ရှားကာ အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။ ယခုနှစ် ဈေးကွက်စတင်ဖွင့်လှစ်ခဲ့သည့် ဇန်နဝါရီလ ပထမပတ်တွင် ထောပတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ သာပေါက်ဈေးရှိခဲ့ရာ ဇန်နဝါရီနောက်ဆုံးပတ်တွင် ထောပတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀မှ ၁၅၂၅၀၀ ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး မတ်လကုန်မှစ၍ လက်ရှိအချိန်ထိ ထောပတ်ပဲတစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀ ထိ ဈေးနှုန်းများ ထပ်မံမြင့်တက်လာခဲ့ကြောင်း၊ ဇွန်လနောက်ဆုံးပတ်ထဲတွင် ပြည်ပပို့ကုန် ဈေးကွက်များတွင်လည်း ထောပတ်ပဲတစ်တန်လျှင် အနိမ့်ဈေး ၁၅ ဒသမ ၄၃ သိန်းနှင့် အမြင့်ဈေး ၁၆ ဒသမ ၅၃ သိန်းထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ပြည်ပတင်ပို့မှုအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၁၇ ရက်ထိ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၁၈ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၈၆ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂၀၄ သန်းဖိုးတင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထောပတ်ပဲများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၇၈ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၀၈ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရသည်။ ထောပတ်ပဲကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုး လျက်ရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ရွှေလီလက်ကားသစ်သီးဈေးကွက်အတွင်း မြန်မာ့သရက်အဝင်နည်းလာ<br>တရုတ်ဈေးကွက်သို့ သရက်တင်ပို့မှုပြီးဆုံးတော့မည်

ရွှေလီလက်ကား သစ်သီးဈေးကွက်အတွင်း မြန်မာပို့ကုန်သရက်များ အဝင်နည်းလာခဲ့ပြီး ဈေးနှုန်းများလည်း တည်ငြိမ်လျက်ရှိကြောင်းသိရသည်။ “သရက်ကတော့ တော်တော်လည်း တုံးသွားပြီလို့ပြောနိုင်ပါတယ်။ အထူးသဖြင့် ဒီနှစ်မှာ သရက်သီးပို့ကုန်တွေ အခက်အခဲအများကြီးရှိတယ်။ ကိုဗစ်ပိုးပါမပါစစ်သလို အပုပ်အနာစစ်တာလည်း အတော်များတယ်။ သန့်ရှင်းရေးကိုလည်း တရုတ်ဘက်ကနေ အတော်လေးစိစစ်လာတယ်။ ဒါကြောင့် တင်ပို့သူတွေတော့ ထိခိုက်ပါတယ်။ နောင်နှစ်တွေမှာ ပိုပြီးသတိထားရမှာက ပြုစုပျိုးထောင်မှုကို အားဖြည့်သင့်တယ်။ အပုပ်အနာ၊ အနံ့အသက်၊ ထုပ်ပိုးမှုကအစ ကုန်သည်တွေသတိထားရမှာဖြစ်ပါတယ်” ဟု ရွှေလီသစ်သီးပွဲရုံတစ်ရုံမှ တာဝန်ရှိသူကပြောသည်။

ထို့ပြင် ရွှေလီသစ်သီးဈေးအတွင်း၌ မြန်မာသရက်သီးများ ရောင်းချခွင့်ပိတ်သည်ဟု လူပြောများလျက်ရှိကြောင်း သိရှိရပြီးအမှန်မှာအဝယ်ရှိသော်လည်း စိစစ်မှုများကြောင့်ဈေးကောင်းမရခြင်း၊ အပယ်အနုတ်များခြင်းများသာရှိကြောင်း သိရသည်။

“ဈေးကွက်ကိုတော့ အနည်းငယ်ထိခိုက်တာပေါ့။ သစ်သီးက အခြားကုန်တွေလိုမဟုတ်ဘူး၊ အထားမခံသလို အထိခိုက်လည်းမခံဘူး။ တရုတ်ပြည်မှာလည်း သရက်သီးက စပြီးထွက်လာတဲ့အချိန်ဆိုတော့ အဝယ်လည်း အားနည်းသွားပြီ။ မကြာမီရက်ပိုင်းအတွင်း သရက်တင်ပို့မှုက ပြီးဆုံးတော့မှာဖြစ်ပါတယ်။ လက်ရှိဈေးနှုန်းတွေကတော့ စိန်တလုံး ယွမ် ၅၀ ကနေ ၉၀ ကြား၊ ရွှေဟင်္သာ ယွမ် ၅၀-၇၀ နဲ့ ရင်ကွဲ ၁၀ ယွမ် ကနေ ယွမ် ၅၀ အကြားဈေးနှုန်းအသီးသီးရှိနေတယ်” ဟု ကုန်သည်တစ်ဦးကပြောသည်။

Source: မြန်မာ့အလင်း

# နိုင်ငံတကာဈေးကွက်

## ဗီယက်နမ်နိုင်ငံက အိန္ဒိယနိုင်ငံနေရာကို အစားထိုးပြီး ကမ္ဘာ့ဈေးကွက်သို့ ဆန်များတင်ပို့မည်

ကမ္ဘာပေါ်မှာ ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံအနေနဲ့ ပြည်ပကို ဆန်တင်ပို့မှု တားမြစ်လိုက်မယ်ဆိုရင် ဗီယက်နမ်နိုင်ငံက သူတို့အနေနဲ့ ကမ္ဘာ့ဈေးကွက်ထဲကို ဆန်များတင်ပို့သွားမယ်လို့ ဗီယက်နမ်စိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ကိုကိုးကားပြီး VietNam Net သတင်းဌာနက ဖော်ပြထားပါတယ်။

ဗီယက်နမ်နိုင်ငံဟာ တစ်နှစ်ကိုဆန်တန်ချိန်ပေါင်း ၂၆ သန်းကနေ ၂၈ သန်းအထိထုတ်လုပ်နိုင်တဲ့နိုင်ငံဖြစ်တဲ့အပြင် ပြည်ပကို ဆန်တန်ချိန် ၇ သန်းအထိ တင်ပို့နိုင်တယ်လို့ စိုက်ပျိုးရေးနဲ့ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဆန်စပါး ထုတ်လုပ်ရေးဦးစီးဌာနမှ ငုယင်နူချောင်းက ပြောပါတယ်။

လက်ရှိအချိန်မှာ ဆန်စပါးထုတ်လုပ်မှုလုပ်ငန်းက လွန်စွာချောမွေ့စွာ လည်ပတ်နေကြောင်း၊ သဘာဝဘေးဒုက္ခများ ကဲ့သို့မမျှော်မှန်းနိုင်တဲ့ သက်ရောက်မှုတွေမရှိလာဘူးဆိုရင် ဗီယက်နမ်နိုင်ငံအနေနဲ့ အမြဲတမ်းစားနပ်ရိက္ခာဖူလုံမှုရှိကြောင်း ငုယင်နူချောင်းက ဆိုပါတယ်။

အိန္ဒိယနိုင်ငံက ပြီးခဲ့တဲ့လမှာ သူတို့နိုင်ငံထွက်ဂျုံတွေကို ပြည်ပတင်ပို့မှု တားမြစ်လိုက်တာဖြစ်ပါတယ်။ အကြောင်းရင်း ကတော့ ပြည်တွင်းဂျုံဈေးကွက်မှာ ဂျုံရှားပါးမှုနဲ့ ဈေးနှုန်းများမြင့်တက်လာမှုကြောင့်ပါ။ စွမ်းအင်နဲ့ ဓာတ်မြေဩဇာဈေးနှုန်း များ အဆမတန် မြင့်တက်လာမှုကြောင့် စားနပ်ရိက္ခာဖူလုံရေးနဲ့ စားနပ်ရိက္ခာထောက်ပံ့ရေး ကွင်းဆက်တို့အပေါ် ဆိုးကျိုးများ သက်ရောက်လာနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုကိုဖြစ်ပေါ် လာစေပါတယ်။ ဒီအတွက်ကြောင့် အိန္ဒိယနိုင်ငံဟာ နောက်တစ်ဆင့်အနေနဲ့ ကမ္ဘာ့ဈေးကွက်ထဲကို ဆန်တင်ပို့မှုတားမြစ်လိုက်နိုင်ဖွယ်ရှိတယ်ဆိုတဲ့ စိုးရိမ်ပူပန်မှုတွေလည်း ထွက်ပေါ်လာပါတယ်။

လက်ရှိမှာဆိုရင်ပဲ အခွင့်ကောင်းကိုစောင့်နေတဲ့ကုန်သည်တွေက ဆန်စပါးတွေကို တိုးမြှင့်ဝယ်ယူသိုလှောင်လာကြတဲ့ အတွက် ဈေးတွေကမြင့်တက်လာပါပြီ။ ဒါဆိုရင် ပြည်တွင်းဆန်ဈေးမြင့်တက်မှုကြောင့် ပြည်ပကိုဆန်တင်ပို့မှုလျှော့ချကာ သို့မဟုတ် တားမြစ်ကာ ပြည်တွင်းဆန်ဖူလုံမှုရှိအောင် လုပ်ဆောင်သွားရဖို့ ရှိနေပါတယ်။

ကမ္ဘာပေါ်မှာ ဆန်စပါးထုတ်လုပ်မှု အများဆုံးနိုင်ငံများက အိန္ဒိယနဲ့တရုတ်နိုင်ငံတို့ဖြစ်တယ်လို့ ကမ္ဘာ့စီးပွားရေးဖိုရမ် က ထုတ်ပြန်ထားပါတယ်။ အဲဒီနှစ်နိုင်ငံရဲ့ ဆန်စပါးထောက်ပံ့မှုက ကမ္ဘာ့ဆန်စပါး ထွက်ရှိမှုနှုန်းရဲ့ ထက်ဝက်အထိရှိပါတယ်။ ဒီလိုဆန်စပါးထုတ်လုပ်တင်ပို့မှု အများဆုံးနိုင်ငံတွေထဲကမှ ဗီယက်နမ်နိုင်ငံဆိုတာ အဆင့်ငါးနေရာမှာရှိတဲ့ အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံဖြစ်ပါတယ်။ ဒီနှစ်ပထမသုံးလပတ်အတွင်းမှာဆိုရင်ပဲ ဗီယက်နမ်နိုင်ငံက တင်ပို့ရောင်းချထားနိုင်တဲ့ ဆန်စပါး ပမာဏဟာ တန်ချိန် ၁ ဒသမ ၁၄ သန်းရှိပြီး အမေရိကန်ဒေါ်လာ ၇၁၅ သန်းကို ရရှိထားပါတယ်။ အဲဒီလိုရောင်းချရတဲ့ပမာဏ ဟာ နှစ်စဉ်တင်ပို့ရောင်းချမှုပမာဏနဲ့နှိုင်းယှဉ်ရင် ၂၄ ရာခိုင်နှုန်း အထိ သိသိသာသာ မြင့်တက်လာတာဖြစ်ကြောင်း ဗီယက်နမ် စိုက်ပျိုးရေးနဲ့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

Source: http://www.myawady.net.mm/node/27310

## ရုရှား- ယူကရိန်းစစ်ပွဲကြောင့် ထိုင်းနိုင်ငံ၏ ပီလောပီနံတင်ပို့မှု မြင့်တက်လာခြင်း

ရုရှား- ယူကရိန်းပဋိပက္ခကြောင့် စားနပ်ရိက္ခာရှားပါးလာပြီး သွင်းကုန်လုပ်ငန်းရှင်များက သီးနှံအစားထိုးရန် ကြိုးပမ်း လာမှုကြောင့် ဇန်နဝါရီလမှ ဧပြီလအတွင်း ထိုင်းပီလောပီနံတင်ပို့မှုမှာ ယမန်နှစ် အလားတူကာလထက် ၂၈ ရာခိုင်နှုန်း တိုးတက် သွားကြောင်း သိရှိရပါသည်။

ကမ္ဘာ့အကြီးဆုံး ပီလောပီနံတင်ပို့သည့် ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်ပထမလေးလအတွင်း ပီလောပီနံနှင့် ၎င်း၏ ထုတ်ကုန်များအပါအဝင် တန်ချိန် ၄ ဒသမ ၆ သန်းတင်ပို့ခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် ဘတ်ငွေ ၅၄ ဒသမ ၈ ဘီလီယံရှိကြောင်း၊ ယမန်နှစ်ကထက် ၂၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းသိရှိရပါသည်။

၎င်းတို့အနက် ၇၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး ကျန်ရှိသည်များကို ဂျပန်၊ အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား နိုင်ငံများသို့တင်ပို့ခဲ့ပါသည်။ ကပ်ရောဂါလွန် ဝယ်လိုအားပြင်းထန်သော ရာသီဥတုသက်ရောက်မှုများနှင့် ရုရှား- ယူကရိန်း ပဋိပက္ခတို့ကြောင့် ကမ္ဘာတစ်ဝှမ်းမြင့်တက်နေသော ငွေဖောင်းပွမှုကိုထိန်းချုပ်ရန် နိုင်ငံများအနေဖြင့်အတတ်နိုင်ဆုံး ကြိုးပမ်း နေကြကြောင်း၊ နိုင်ငံအချို့မှာ အစားအစာနှင့် လောင်စာဆီအတွက် ထောက်ပံ့နေကြကြောင်း၊ အချို့မှာ အစားထိုး အစားအစာ များနှင့်ပေးသွင်းသူများကို ရှာဖွေလျက်ရှိနေကြောင်းသိရှိရပါသည်။

လွန်ခဲ့သည့်အပတ်က ယူကရိန်းနိုင်ငံက ရုရှား၏ ကျူးကျော်မှုမှာ ကမ္ဘာလုံးဆိုင်ရာ ဂျုံပြတ်တောက်မှုကို ဖြစ်ပေါ်စေ ကြောင်းပြောကြားခဲ့ပါသည်။ ရုရှား- ယူကရိန်းပဋိပက္ခအတွင်း နိုင်ငံခြားမှဝယ်ယူမှုအမှာစာများမြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ တစ်ဝှမ်းသီးနှံအရံထားရှိမှု မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

တိရစ္ဆာန်အစာနှင့် စွမ်းအင်လုပ်ငန်းများအနေဖြင့် ပီလောပီနံထုတ်ကုန်များအား အစားထိုးအဖြစ် တင်သွင်းလာကြကြောင်းနှင့် ဝယ်လိုအားနှင့် ဈေးနှုန်းလည်းမြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ယမန်နှစ်က ပီလောပီနံတန်ချိန် ၃၂ ဒသမ ၅ သန်းကို အမျိုးမျိုးသောထုတ်ကုန်များအဖြစ် ထုတ်လုပ်ခဲ့ကြောင်း၊ ၎င်းတို့အနက် ၃၀ ရာခိုင်နှုန်း - ၃၅ ရာခိုင်နှုန်းကို ပြည်တွင်း၌စားသုံးခဲ့ကြောင်း၊ အစိုးရကထုတ်ပြန်သည့် အချက်အလက်များအရ ထိုင်းနိုင်ငံအနေဖြင့် ဘတ်ငွေ ၁၂၃ ဘီလီယံတန်ဖိုးရှိ ပီလောပီနံထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။ ( Bangkok Post )

Source: လွင်မျိုးဇော်၊ကုန်သွယ်ရေးဦးစီးဌာန

## ၂၀၂၁ ခုနှစ်တွင် အနည်းငယ်တိုးတက်မှုရှိခဲ့သည့် ဘယ်လ်ဂျီယံနိုင်ငံ၏ ငါးဖမ်းလုပ်ငန်းကဏ္ဍ

ဘယ်လ်ဂျီယံငါးဖမ်းရေယာဉ်များ၏ ငါးဖမ်းဆီးရရှိမှုအရေအတွက်မှာ ၂၀၂၀ ခုနှစ်ကအဆင့်ထက် ၅ ဒသမ ၅ ရာခိုင်နှုန်းဖြင့် လျော့ကျခဲ့သော်လည်း ဘယ်လ်ဂျီယံငါးဖမ်းလုပ်ငန်းကဏ္ဍ၏ ဝင်ငွေမှာ ၂၀၂၁ ခုနှစ်တွင် ယူရို ၆၀ ဒသမ ၈ သန်းသို့ ရောက်ရှိခဲ့ပြီး၊ ၇ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဘယ်လ်ဂျီယံနိုင်ငံ၏ စာရင်းအင်းဆိုင်ရာအေဂျင်စီ (Statbel) အရ သိရပါသည်။

ဘယ်လ်ဂျီယံငါးဖမ်းလုပ်ငန်းကဏ္ဍ၏ ဝင်ငွေတိုးတက်လာခြင်းမှာ ငါးဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။ ဘယ်လ်ဂျီယံနိုင်ငံ၌ ပျမ်းမျှငါးဈေးနှုန်းမှာ ၂၀၂၀ ခုနှစ်ကထက် ၁၃ ဒသမ ၃ ရာခိုင်နှုန်းဖြင့် (၁) ကီလိုဂရမ်လျှင် ယူရို ၅ ဒသမ ၁၀ ခန့်မြင့်တက်ခဲ့ကြောင်း၊ ထိုသို့ ဈေးနှုန်း မြင့်တက်လာခြင်းက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အရောင်းကျဆင်းမှုနှင့်အတူ အခက်အခဲများကြုံတွေ့ခဲ့ရသည့် ငါးဖမ်းလုပ်ငန်းကဏ္ဍအား အထောက်အကူပြုခဲ့ကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၏ ငါးဖမ်းဆီးရရှိမှုမှာ ၂၀၁၅ ခုနှစ်ကတည်းက ကျဆင်းလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ငါးဖမ်းဆီးရရှိမှု ပြန်လည်တိုးတက်လာပြီး၊ ငါးဖမ်းလုပ်ငန်းကဏ္ဍတစ်ခုလုံးအတွက် အလားအလာကောင်းများရှိခဲ့ကြောင်း သိရပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၌ ငါးဖမ်းလုပ်ငန်းများသည် Zeebrugge ဆိပ်ကမ်းကို ဗဟိုပြုထားခြင်းဖြစ်ပြီး၊ ၂၀၂၁ ခုနှစ်တွင် အဆိုပါဆိပ်ကမ်းသည် နိုင်ငံတွင်းဖမ်းဆီးရောင်းချသည့် ငါးများ၏ ၅၅ ဒသမ ၇ ရာခိုင်နှုန်းကို ကိုယ်စားပြုထားပါသည်။

ငါးအလွန်အကျွံဖမ်းဆီးမှုနှင့် စားသုံးမှုပုံစံအပြောင်းအလဲတို့သည် ဘယ်လ်ဂျီယံတံငါသည်များ၏ ငါးဖမ်းဆီးရရှိမှုအပေါ် သက်ရောက်မှုရှိလာခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၌ စုစုပေါင်း ငါးရောင်းချမှု ပမာဏသည် ၂၀၂၀ ခုနှစ်ကထက် များစွာနိမ့်ကျနေဆဲဖြစ်ကြောင်း၊ အမြင့်ဆုံး ပမာဏအဖြစ် ၂၀၀၅ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၌ ငါးတန်ချိန် ၁၈,၇၈၅ တန်ဖြင့် ယူရို ၇၈ သန်းဖိုး ရောင်းချခဲ့ရကြောင်း၊ ၂၀၂၁ ခုနှစ်တွင်မူ ငါးတန်ချိန် ၁၁,၉၀၁ သာ ရောင်းချခဲ့ရပြီး၊ ၃၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ငါးဖမ်းလုပ်ငန်းကဏ္ဍအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ စွမ်းအင်လောင်စာဆီဈေးနှုန်းများ မကြုံစဖူးမြင့်တက်နေခြင်းသည် ရေနံထွက်ကုန်ပစ္စည်းများသုံးစွဲမှုအပေါ် အဓိကမှီခိုနေရသည့်ငါးဖမ်းလုပ်ငန်းကဏ္ဍအတွက် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံ ငါးဖမ်းလုပ်ငန်းကဏ္ဍမှာ ယခုနှစ်တွင် ဆုံးရှုံးမှုအများဆုံးကြုံရဖွယ်ရှိသည့် ကဏ္ဍများအနက် တစ်ခုဖြစ်လာနိုင်သည်ဟု ဘယ်လ်ဂျီယံနိုင်ငံ အမျိုးသားဘဏ်က ခန့်မှန်းထားကြောင်း သိရပါသည်။ ရင်းမြစ် - The Brussels Times

Source: STP, MYANTRADE

## အင်ဒိုနီးရှားတွင် ဆီအုန်းစိုက်ခင်းပိုင်ဆိုင်မှုများစိစစ်

အင်ဒိုနီးရှား၏ လက်ဝါးကြီးအုပ်မှု ဆန့်ကျင်တိုက်ဖျက်ရေးဌာနသည် စီးပွားရေးအုပ်စုတစ်ခု၏ ဆီအုန်းစိုက်ခင်းဧရိယာမည်မျှအထိ လုပ်ကိုင်ခွင့်ရှိသည်ဆိုသည့် သတ်မှတ်ချက်နှင့်အညီ ဖြစ်မဖြစ် စိစစ်နေပါတယ်။

ဆီအုန်းစိုက်ခင်း ပိုင်ဆိုင်သည့်ဧရိယာ များပြားသည်ကို အကြောင်းပြုပြီး ဟင်းချက်ဆီလုပ်ငန်းကဏ္ဍတွင် မမျှတသောပြိုင်ဆိုင်မှုများ ဖြစ်ပေါ်နိုင်သည့်အရေးကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်တားဆီးရန်အတွက် စိစစ်နေတာ ဖြစ်ပါတယ်။

KPPU ဟု အတိုကောက်အားဖြင့် လူသိများတဲ့ လက်ဝါးကြီးအုပ်မှု ဆန့်ကျင်တိုက်ဖျက်ရေးဌာနက လုပ်ငန်းတူအချင်းချင်း အုပ်စုဖွဲ့ပြီး ဈေးကစားတဲ့ လုပ်ကိုင်မှုများကို စုံစမ်းစစ်ဆေးနေပါတယ်။

KPPU ရဲ့ ကနဦးဆန်းစစ်ချက်မှာ လုပ်ငန်းအုပ်စု ၅ ခုက အင်ဒိုနီးရှားမှာတည်ရှိတဲ့ ဆီအုန်းစိုက်ခင်းဧရိယာ အမြောက်အများကိုထိန်းချုပ်ထားကြောင်း တွေ့ရှိခဲ့ပါတယ်။ KPPU မှ ညွှန်မှူး Marcellina Nuring က အွန်လိုင်းမှာ ရှင်းလင်းပြောကြားခဲ့ရာမှာ ခွင့်ပြုထားတဲ့ဧရိယာထက်ကျော်လွန်ပြီး လုပ်ကိုင်နေကြတယ်လို့ပြောကြားပါတယ်။ လုပ်ငန်းစုများရဲ့ အမည်များကိုတော့ ထုတ်ဖော်ပြောကြားခြင်း မပြုပါဘူး။

အင်ဒိုနီးရှားမှာ ဆီအုန်းစိုက်ခင်း ဧရိယာဟက်တာ ၁၆ သန်းရှိပြီး တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြတဲ့ စိုက်ခင်းများ၊ ပုဂ္ဂလိက လုပ်ငန်းပိုင် စိုက်ခင်းများအပြင် အစိုးရကုမ္ပဏီပိုင် စိုက်ခင်းများလည်း ပါဝင်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် အတွက် စိုက်ခင်းအသစ်များ တိုးချဲ့စိုက်ပျိုးခြင်းကို တားမြစ်ပိတ်ပင်ထားပါတယ်။

လုပ်ငန်းစုတစ်ခုကို အများဆုံး ၁၀၀,၀၀၀ ဟက်တာအထိသာ စိုက်ပျိုးခွင့်ရှိပါတယ်။ ကုမ္ပဏီများအနေဖြင့် ဆီအုန်း စိုက်ခင်းများကို တိုက်ရိုက်ပိုင်ဆိုင်မှုအပြင် အခြားနာမည်ခံကုမ္ပဏီများတွင် ရှယ်ယာပိုင်ဆိုင်ထားခြင်းဖြင့် စိုက်ခင်းများကို သွယ်ဝိုက်သောနည်းလမ်းဖြင့် ပိုင်ဆိုင်ထားကြပါတယ်လို့ ၎င်းက ပြောကြားပါ တယ်။ Source: Reuters

Source: https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4561-indonesia-palm-oil.html

## ကမ္ဘောဒီးယားနိုင်ငံ၏ ရော်ဘာတင်ပို့မှု ပထမငါးလအတွင်း သုံးရာခိုင်နှုန်းမြင့်တက်ခဲ့

ကမ္ဘောဒီးယားနိုင်ငံ၏ ရော်ဘာတင်ပို့မှုသည် ယခုနှစ် ပထမငါးလအတွင်း တန်ချိန် ၁၀၅၀၄၈ တန်ရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက သုံးရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း ရော်ဘာထုတ်ကုန်ဆိုင်ရာ အထွေထွေ ညွှန်ကြားမှုဦးစီးဌာနက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ရော်ဘာတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၆၈ သန်းဝင်ငွေရရှိခဲ့ကြောင်းသိရသည်။ ရော်ဘာတင်ပို့မှုတန်ချိန် မြင့်တက်မှုရှိခဲ့သော်လည်း ဝင်ငွေရရှိမှုမှာ ပြီးခဲ့သည့်နှစ် အလားတူ ကာလအတွင်းက အမေရိကန်ဒေါ်လာ ၁၇၁ သန်းရှိခဲ့ခြင်းကြောင့် ဝင်ငွေ ၁ ဒသမ ၇ ရာခိုင်နှုန်းလျော့ကျမှုရှိခဲ့ကြောင်းသိရ သည်။

ကမ္ဘောဒီးယားနိုင်ငံသည် မလေးရှားနိုင်ငံ၊ ဗီယက်နမ်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံတို့အား ရော်ဘာအဓိက တင်ပို့လျက်ရှိကြောင်းသိရသည်။ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ရော်ဘာစိုက်ခင်း စုစုပေါင်း ၄၀၄၀၄၄ ဟက်တာရှိကြောင်း လည်းသိရသည်။ ကိုးကား ဆင်ဟွာ၊

Source: ကြေးမုံသတင်းစာ

## ရုရှားအတွက် အီရန် ပို့ဆောင်ရေး လမ်းကြောင်းသစ်

အီရန်နိုင်ငံပိုင် သင်္ဘောကုမ္ပဏီက ရုရှားကုန်စည်များကို အိန္ဒိယသို့ ပထမအသုတ် စတင်ပို့ဆောင်ပေးနေပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာပါတယ်။ အီရန်နိုင်ငံကိုဖြတ်သန်းတဲ့စင်္ကြံန် ပို့ဆောင်ရေးလမ်းကြောင်းသစ်ကို အသုံးပြုတယ်လို့ ဆိုပါတယ်။

ရုရှားကုန်စည် ပထမအသုတ်မှာ အရောင်တင်သစ်သားပြားများထည့်ထားတဲ့ ပေ ၄၀ ကွန်တိန်နာ ၂ ခု ပါဝင်ပြီး စုစုပေါင်း အလေးချိန် ၄၁ တန် ရှိပါတယ်။ ရုရှားနိုင်ငံ စိန့်ပီတာဘတ်မြို့မှ ကက်စပီယံ ပင်လယ်ဆိပ်ကမ်း အစ္စတြာခန် (Astrakhan)သို့ ကုန်းလမ်းဖြင့်ပို့ဆောင်ပါတယ်။ အစ္စတြာခန်ဆိပ်ကမ်းမှာ အီရန်နှင့် ရုရှားတို့ ဖက်စပ်လုပ်ကိုင်နဲ့ ကွန်တိန်နာ ဆိပ်ခံမှာ အဆိုပါ ကွန်တိန်နာ ၂ လုံးကို သင်္ဘောတင်ပါမယ်။

ကွန်တိန်နာသင်္ဘောက ကက်စပီယံ ပင်လယ်ကိုဖြတ်သန်းပြီး အီရန်မြောက်ပိုင်းရှိ အံဇာလီဆိပ်ကမ်းကို ဆိုက်ရောက် ပါမယ်။ သင်္ဘောမှချပေးတဲ့ ကွန်တိန်နာများချပေးပြီး ကုန်းလမ်းဖြင့် အီရန်နိုင်ငံတောင်ပိုင်းရှိ ဘန်ဒါအဘတ်စ် ဆိပ်ကမ်းသို့ ပို့ဆောင်ပါမယ်။ ဘန်ဒါအဘတ်စ်ဆိပ်ကမ်းက ပါရှန်းပင်လယ်ကွေ့မှာ တည်ရှိပါတယ်။ ၎င်းဆိပ်ကမ်းမှာ ကွန်တိန်နာများကို သင်္ဘောတင်ပေးပြီး အိန္ဒိယနိုင်ငံ နာဗာရှီဗာ ဆိပ်ကမ်းသို့ ဆက်လက်ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်လို့ အီရန်နိုင်ငံပိုင် သတင်းဌာန IRNA က သတင်းဖော်ပြထားပါတယ်။

နိုင်ငံပိုင်လုပ်ငန်း Islamic Republic of Iran Shipping Lines Group (IRISL) က ရုရှားနှင့် အိန္ဒိယမှ ၎င်းရဲ့ ရုံးဌာနများအကြား ညှိနှိုင်းဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ခရီးစဉ် အစအဆုံး ခန့်မှန်းခြေအားဖြင့် ၂၅ ရက် ကြာမြင့်ပါမယ်။

ရုရှား ပိတ်ဆို့အရေးယူခံရချိန်မှာ အီရန်နိုင်ငံက တောင်မြောက်ကူးပြောင်းစင်္ကြံန်North-South Transit Corridor လို့ ခေါ်တွင်တဲ့ စီမံကိန်းကိုရပ်ထားရာမှ ပြန်လည်အသက်သွင်းလိုက်တာဖြစ်ပါတယ်။ ရုရှားကို အာရှပို့ကုန်ဈေးနှင့် ကြားခံ ချိတ်ဆက်ပေးတဲ့ စင်္ကြံန် ဖြစ်ပါတယ်။ မူလစီမံကိန်းမှာ ရထားလမ်း ဖောက်လုပ်ဖို့ ပါဝင်ပြီး ကက်စပီယံပင်လယ်ကမ်းခြေတွင် တည်ရှိတဲ့ အီရန်ဆိပ်ကမ်းနှင့် အီရန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ချာဘဟာဆိပ်ကမ်းတို့ကို ဆက်သွယ်ပေးထားမယ့် ရထားလမ်း ဖြစ်ပါတယ်။

Source: https://www.logisticsguide.com.mm/en/industry-news/transportation/226303-iran-tests-new-trade-corridor-to-ship-russian-goods-to-india.html

## အိန္ဒိယ၏အကြီးမားဆုံး ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းကြီး UltraTech Cement က ရုရှားကျောက်မီးသွေးများ တင်သွင်းနေပြီး တရုတ်ယွမ်ငွေဖြင့်ပေးချေ

အိန္ဒိယ၏အကြီးမားဆုံး ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းကြီး UltraTech Cement က ရုရှားကျောက်မီးသွေးများ တင်သွင်းနေပြီး တရုတ်ယွမ်ငွေဖြင့်ပေးချေနေကြောင်း ရိုက်တာသတင်းမှာဖော်ပြထားပါတယ်။ ကုန်သည်များက ရှားရှားပါးပါးငွေပေးချေမှုနည်းလမ်းလို့ပြောဆိုနေကြပေမဲ့ သုံးလေ့သုံးထရှိတဲ့နည်းလမ်းတစ်ခု ဖြစ်လာနိုင်တယ်လို့ သုံးသပ်ကြပါတယ်။

UltraTech က ရုရှားမှ ကျောက်မီးသွေး ထုတ်လုပ်တင်ပို့တဲ့လုပ်ငန်း SUEK ထံမှ ကျောက်မီးသွေး တန်ချိန် ၁၅၇,၀၀၀ တင်သွင်းပါတယ်။ ရုရှားအရှေ့ဖျားရှိ Vanino ဆိပ်ကမ်းမှာ ဝမ်းပုံတင်ဆောင်သင်္ဘော bulk carrier MV Mangas က အဆိုပါ ကျောက်မီးသွေးများကို ကုန်တင်ပါတယ်။ ဇွန်လ ၅ ရက် ရက်စွဲဖြင့်ကုန်ဝယ်စာရင်း invoice တစ်ခု ထုတ်ထားတာမှာ ကုန်စည်တန်ဖိုးကို ယွမ် ၁၇၂,၆၅၂,၉၀၀ လို့ ဖော်ပြထားပါတယ်။ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈၁ သန်း ($1 = 6.6899 yuan)နှင့် ညီမျှတဲ့ ငွေပမာဏ ဖြစ်ပါတယ်။

ကျောက်မီးသွေးအရောင်းကို SUEK ရဲ့ ဒူဘိုင်းအခြေစိုက် လုပ်ငန်းခွဲကဆောင်ရွက်ပေးပါတယ်။ ၎င်းထံမှာ အခြား အိန္ဒိယကုမ္ပဏီအချို့တို့ကလည်း တရုတ်ယွမ်ဖြင့် ပေးချေရန် ကျောက်မီးသွေးများ မှာကြားထားကြပါတယ်။

ယခုလို ယွမ်ကို သုံးစွဲကြခြင်းဖြင့် ရုရှားကို အနောက်နိုင်ငံများမှ ပိတ်ဆို့အရေးယူထားခြင်းမှ လွတ်ကင်းနေစေပါတယ်။ ထို့ပြင် ယွမ်အတွက် အမေရိကန်ဒေါ်လာ ကြီးစိုးထားတဲ့ နိုင်ငံတကာကုန်သွယ်ရေးမှာ နေရာပိုရလာစေမှာ ဖြစ်ပါတယ်။

စင်ကာပူအခြေစိုက် ငွေကြေးကုန်သည်တစ်ဦးက "ဒီအပြောင်းအရွှေ့က အရေးပါပါတယ်။ နိုင်ငံတကာကုန်သွယ်မှုအတွက် တရုတ်ယွမ်ငွေဖြင့် ပေးချေတဲ့ အိန္ဒိယကုမ္ပဏီဆိုလို့ တစ်ခုတလေမှ ကျွန်တော့ကုန်သည်သက်တမ်း ၂၅ နှစ်တာကာလမှာ တစ်ခါမှမကြားခဲ့ဖူးပါ။ အဲဒီဟာက အခြေခံအားဖြင့် အမေရိကန်ဒေါ်လာကို ရှောင်ကွင်းလိုက်ကြတာပါ" လို့ ရိုက်တာသတင်းဌာနကို ပြောကြားပါတယ်။

UltraTech ရဲ့ ရုရှားကျောက်မီးသွေး ဝယ်ယူခြင်းအတွက် ဘယ်ဘဏ်က L/C (letter of credit ) ဖွင့်ပေးသလဲဆိုတာကိုတော့မသိကြရပါဘူး။ ယခုလို ယွမ်ဖြင့်ပေးချေနိုင်ဖို့ ကန်ဒေါ်လာကို တရုတ်ပြည်မ သို့မဟုတ် ဟောင်ကောင်ရှိ တရုတ်ဘဏ်ခွဲတစ်ခုခုသို့ပေးပို့ပြီး ယွမ်ငွေ လဲလှယ်ကာပေးချေတာဖြစ်မယ်လို့ ယူဆကြပါတယ်။ MV Mangas က ယခုအခါ အိန္ဒိယနိုင်ငံ ကံဒလာဆိပ်ကမ်းမှာ ကျောက်ချရပ်နားထားပါတယ်။

အနောက်နိုင်ငံများက ရုရှားကို အရေးယူပိတ်ဆို့ထားသော်လည်း အိန္ဒိယနိုင်ငံက ရုရှားထံမှ အဓိကအားဖြင့် ရေနံနှင့် ကျောက်မီးသွေးတို့ကိုဆက်လက်တင်သွင်းလျက်ရှိပါတယ်။ ရေနံစိမ်းကို အလွန်အမင်းလျှော့ဈေးပေးသောကြောင့် အိန္ဒိယရဲ့ ရုရှားရေနံတင်သွင်းမှုများ မကြာသေးမီရက်သတ္တပတ်များအတွင်း မြင့်တက်လာခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားပါတယ်။ အိန္ဒိယအစိုးရက ရုရှားကုန်စည်များ တင်သွင်းမှုရုတ်တရက်ရပ်တန့်ပါက ကုန်ဈေးနှုန်းများမြင့်တက်ပြီး အိန္ဒိယနိုင်ငံသူနိုင်ငံသား စားသုံးသူများကိုထိခိုက်နိုင်တယ်လို့ ခုခံကာကွယ်ပြောဆိုခဲ့ပါတယ်။ ရုရှားနှင့်ကုန်သွယ်ရေးမှာ အိန္ဒိယက နိုင်ငံသုံးငွေ ရူပီဖြင့် ပေးချေဖို့နည်းလမ်းရှာဖွေခဲ့ပေမဲ့ အကောင်အထည် ပေါ်မလာခဲ့ပါဘူး။ တရုတ်စီးပွားရေးလုပ်ငန်းများက ရုရှားနှင့် ကုန်သွယ်မှုမှာ တရုတ်ယွမ်ကို သုံးခဲ့ကြတာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်ပါတယ်။

ယခုတလောမှာ ရုရှားကျောက်မီးသွေးကုန်သည်များရဲ့ အရောင်းအဝယ်အချက်အချာက ဒူဘိုင်းသို့ရောက်ရှိလာပါတယ်။ စင်ကာပူနိုင်ငံက အနောက်နိုင်ငံများရဲ့ပိတ်ဆို့အရေးယူမှုမှာ ငြိစွန်းမှာစိုးရိမ်မကင်းဖြစ်တဲ့အတွက် ရုရှားကျောက်မီးသွေးကုန်သည်များက စင်ကာပူမှ ဆက်လက်လုပ်ကိုင်ခြင်းမပြုကြတော့ဘဲ ဒူဘိုင်းမှ လုပ်ကိုင်လာကြတာဖြစ်ပါတယ်။ ယခင်က ကျောက်မီးသွေးကုန်သည်များက ရုရှား၊ စင်ကာပူ၊ အိန္ဒိယနှင့် ဒူဘိုင်းတို့မှ လုပ်ကိုင်ကြပါတယ်။ "ဒူဘိုင်းမှာ ယွမ်ငွေဖြင့် ငွေပေးချေနိုင်တယ်။ သို့မဟုတ် ၎င်းကို ဒေါ်လာဖြင့်လည်း လက်ခံနိုင်တယ်။ သို့မဟုတ် (အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသုံးငွေ ) ဒါဟမ် ကနေ ရူဘယ်သို့ ပြောင်းချင်တယ်ဆိုရင်လည်း ပြောင်းလို့ရတယ်" လို့ ကုန်သည်တစ်ဦးက ပြောကြားပါတယ်။ ယွမ်ကနေ ရုရှား ရူဘယ်သို့ ပြောင်းပြီး ရောင်းဝယ်ကြတာက ပိုလွယ်ကူတယ်လို့ ဆိုပါတယ်။

Source: https://www.industrialdirectory.com.mm/article/indias-top-cement-maker-paying-russian-coal-chinese-yuan.html

## တရုတ်နိုင်ငံရဲ့ ပထမဆုံး ပင်လယ်-ရထားလမ်း ကြားခံပါဝင်သော ကွန်တိန်နာဂိတ်သစ် ဖွင့်လှစ်

တရုတ်နိုင်ငံရဲ့ ပထမဆုံးသော ပင်လယ်-ရထားလမ်း ကြားခံပါဝင်သော ကွန်တိန်နာဂိတ် ပထမအဆင့်ကို အင်္ဂါနေ့က တရုတ်နိုင်ငံ တောင်ဘက်ရှိ ကွမ်ရှီးကျုန်း ဒေသတွင် စတင်လည်ပတ်ခဲ့ပါတယ်။

ပထမအဆင့်တွင် တန်ချိန် ၁ သိန်းဆန့် ကွန်တိန်နာများ ဆိုက်ကပ်နိုင်မည့် အကျယ်အဝန်းနှစ်ခုပါဝင်ပြီ ကွန်တိန်နာပေါင်း ၁ ဒသမ ၀၂ သန်းကို ကိုင်တွယ်နိုင်ဖို့အတွက် ဒီဇိုင်းဖန်တီးထားပါတယ်။

တစ်နှစ်ကို ကွန်တိန်နာပေါင်း ၁ ဒသမ ၀၂ သန်း ကိုင်တွယ်နိုင်ဖို့အတွက် ဒီဇိုင်းဖန်တီးထားပြီ ပထမ အဆင့်တွင် တန်ချိန် ၁ သိန်းဆန့် ကွန်တိန်နာဆိုင်ကပ်နိုင်မည့် နေရာနှစ်ခုပါဝင်ပါတယ်။ တစ်နှစ်လျှင် စံကွန်တိန်နာ ၁ ဒသမ ၆ သန်း ကိုင်တွယ်နိုင်ဖို့အတွက် ဆောက်လုပ်ဆဲဖြစ်တဲ့ ဒုတိယအဆင့်မှာတော့ တန်ချိန် ၂ သိန်း ကိန်တွန်နာများဆိုက်ကပ်နိုင်မည့် နေရာနှစ်ခုပါဝင်မှာဖြစ်ပါတယ်။ ဒုတိယအဆင့်အပိုင်းကိုတော့ ၂၀၂၃ မှာ လုပ်ငန်းစတင်လည်ပတ်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ Qinzhou၊ Fangcheng နှင့် Beihai ဆိပ်ကမ်းများ အပါအဝင် Beibu ပင်လယ်ကွေ့ဆိပ်ကမ်းသည် New International Land-Sea Trade Corridor တွင်အရေးကြီးသော သယ်ယူပို့ဆောင်ရေးနေရာတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ အနောက်ပိုင်းနှင့် စင်ကာပူနိုင်ငံတို့ရဲ့ ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းတစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံရှိ ဒေသကြီး ၁၄ ခုကို ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံနှင့်ဒေသပေါင်း ၁၀၇ ခုရှိ ဆိပ်ကမ်းပေါင်း ၃၁၆ ခုတို့နဲ့လည်း ချိတ်ဆက်ထားတယ်လို့လည်း သိရပါတယ်။

သယ်ယူပို့ဆောင်ရေးအတွက် လျင်မြန်စွာတိုးတက်လာဖို့အတွက် ပင်လယ်နှင့်ရထားလမ်းကြောင်း ဝန်ဆောင်မှု ကွန်တိန်နာဂိတ်သစ်ကို တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ New International Land-Sea Trade Corridor တွင် ပြေးဆွဲနေသော ရထားအရေအတွက်ကတော့ ၂၀၁၇ ခုနှစ်မှာ ၁၇၈ စီးရှိပြီတော့ ၂၀၂၁ ခုနှစ်မှာ အစီးရေ ၆၁၁၇ စီးအထိ တိုးလာခဲ့ပါ တယ်။

ယခုနှစ် ပထမငါးလတွင် Qinzhou ဆိပ်ကမ်းမှတစ်ဆင့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု (RCEP) အဖွဲ့ဝင်နိုင်ငံများနှင့် သွင်းကုန်တင်ပို့မှုက တစ်နှစ်ထက်တစ်နှစ် ၂၈ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တရုတ်ယွမ် ၂၆ ဒသမ ၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံခန့်) ထိရှိခဲ့ပါတယ်။

Ref: Global China Daily CN

Source: https://www.logisticsguide.com.mm/en/industry-news/port-new/226342-sea-rail-intermodal-container-terminal-launched-in-china.html

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား ဆွဲဆောင်စေနိုင်မည့် ရေလယ်ကျွန်းအပန်းဖြေစခန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်စီစဉ်

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ ပဲခူးမြစ်အတွင်း၌ နိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား ဆွဲဆောင်စေနိုင်မည့် ရေလယ်ကျွန်း အပန်းဖြေစခန်းစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းအတွင်း အပျော်စီးသင်္ဘော (River Cruise) ခရီးစဉ်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများပါဝင်သည့် စားသောက်ဆိုင်များ၊ သစ်ပင်ပန်းမန်နှင့်သီးနှံပင်များ စိုက်ပျိုးထားရှိမည့်စိုက်ခင်းများ၊ မြန်မာမှုလက်ရာများဖြင့် ပြုလုပ်ထားသော နားနေဆောင်များနှင့် နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားလေ့လာနိုင်မည့်နေရာများ ပါဝင်မည်ဖြစ်ကာ ရေလွှာလျှော၊ ရေကန်၊ မြက်ခင်းတု၊ မြင်းစီးကွင်းများအပါအဝင် အဆင်မြင့် ဟိုတယ်တစ်လုံးကိုပါ ထည့်သွင်းတည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

“ရေလယ်ကျွန်းအပန်းဖြေစခန်းကို ရေပေါ်မှာပဲတည်ဆောက်မှာဖြစ်တာကြောင့် လတ်တလောမှာ မြစ်ချောင်းလေ့လာဆန်းစစ်အကဲဖြတ်မှုနဲ့ ရေအရင်းအမြစ်သုံးစွဲမှုစတာတွေကို လေ့လာဆန်းစစ်နေပြီဖြစ်ပါတယ်။ ရေလယ်ကျွန်းအပန်းဖြေစခန်း တည်ဆောက်ဖို့ကို ခရီးသွားလုပ်ငန်းရှင်တွေအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေထံ ခွင့်ပြုချက်တောင်းခံထားဆဲဖြစ်ပြီး Feasibility Study အရင်ပြုလုပ်ပြီး ခွင့်ပြုချက်ရတာနဲ့ စီမံကိန်းကို ဆောင်ရွက်သွားမှာဖြစ်သလို သက်ဆိုင်ရာဝန်ကြီးဌာနတွေမှ သတ်မှတ်ထားတဲ့ “စံ” သတ်မှတ်ချက်တွေအပေါ်မူတည်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေလယ်ကျွန်းအပန်းဖြေစခန်း တည်ဆောက်ပြီးစီးပြီဆိုရင်တော့ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်တွေလာရောက် လေ့လာလည်ပတ်ကြမှာဖြစ်တဲ့အတွက် ပြည်တွင်းခရီးသွားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာမှာလည်းဖြစ်ပါတယ်” ဟု Best Myanmar National Tourism Public ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးနောင်နောင်းဟန်က ပြောသည်။

အဆိုပါ ရေလယ်ကျွန်းအပန်ဖြေစခန်းတည်ဆောက်ပြီးပါက ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များမှာ ရန်ကုန်မြို့၏ မြစ်ကြောင်းတစ်လျှောက်ရှိ နေဝင်ဆည်းဆာအလှကို မြစ်တွင်းအပျော်စီးသင်္ဘောခရီးစဉ်ဖြင့် ကြည့်ရှုခံစားနိုင်ကြမည် ဖြစ်ကြောင်းသိရသည်။

Source: ကြေးမုံသတင်းစာ

## မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန် လုပ်ငန်းမှတ်ပုံတင် အခု ၁၆၀ ခွင့်ပြုထုတ်ပေးထား

ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းရှင်များပေါ်ထွက် လာစေရန် လုပ်ငန်းရှင်များကို လုပ်ငန်းမှတ်ပုံတင်အခု ၁၆၀ ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင်အသေးစား စီးပွားရေးလုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်လာပြီး လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း၌ လုပ်ငန်းရှင်များကို လုပ်ငန်းမှတ်ပုံတင် အခု ၄၀၀ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့(ဇွန်-၂၉)ထိ အသေးစားတစ်နိုင်တစ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များလာရောက်၍ လျှောက်ထားသူများ၏ လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် လုပ်ငန်းမှတ်ပုံတင် အခု ၁၆၀ ကို သက်ဆိုင်ရာမိတ်ဖက် အဖွဲ့အစည်းများဖြင့် ထုတ်ပေးထားကြောင်းသိရသည်။

"အခု ဘဏ္ဍာနှစ်အတွင်းမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေ ပေါ်ထွက်လာဖို့အတွက် လုပ်ငန်းမှတ်ပုံတင်တွေ ကို ထုတ်ပေးနေတာပါ။ ဘဏ္ဍာနှစ်အလိုက်လဲ ထုတ်ပေးနေတာပါ။ ဒါပေမဲ့ အခုဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းမှတ်ပုံတင် အခု ၄၀၀ ထုတ်ပေးသွားမှာပါ။ မှတ်ပုံတင်တွေရရှိပြီးတော့ မိမိတို့ထုတ်လုပ်တဲ့ထုတ်ကုန်တွေ ဈေးကွက်ကို ဖြန့်ဖြူးရောင်းချနိုင်မှာပါ။ ပြည်တွင်း ဈေးကွက်သာမက ပြည်ပဈေးကွက်ကိုလဲ ထိုးဖောက်နိုင်အောင် ပြည်ပအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးပြီး ချေးငွေ၊ နည်းပညာတွေကိုဖလှယ်ရယူပြီး ဆောင်ရွက်ပေးမှာပါ။ ဒါ့ပြင်ဌာနမှာ မှတ်ပုံတင်ထားတဲ့ လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်လုပ်ငန်းတွေကို စားသုံးသူတွေ ဘေးအန္တရာယ်မဖြစ်ဖို့အတွက် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ထုတ်ကုန် ပစ္စည်းတွေ ထုတ်လုပ်နိုင်အောင် ဌာနကသင်တန်းပေးတာတွေ၊ သက်ဆိုင်ရာထုတ်ကုန်တွေ ခေတ်ခွဲစမ်းသပ်ပေးတာတွေကို ပြုလုပ်ပေးနေပါတယ်" ဟု ဦးဝင်းဗိုလ်က ပြောပြ၍သိရသည်။ အဆိုပါ လုပ်ငန်းများမှာ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံး ကုန်ပစ္စည်းလုပ်ငန်း၊ အထွေထွေအသေးစား စက်မှုလက်မှုလုပ်ငန်း စသည်တို့ဖြစ်ကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ဆန်၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများ နယ်စပ်မှ တင်ပို့ခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

ဆန်၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများအား ပြည်ပသို့ နယ်စပ်မှတစ်ဆင့်တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက် ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ထားသည်ကို ဖော်ပြအပ်ပါသည်။

နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၂၂) ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ၁-၇-၂၀၂၂ ရက်နေ့မှစ၍ ဆန်၊ ပဲ ၊ ပြောင်းနှင့် ဆီထွက်သီးနှံများအား ပြည်ပသို့ နယ်စပ်မှ တစ်ဆင့်တင်ပို့မှုနှင့် ပတ်သက်၍ အမေရိကန်ဒေါ်လာဖြင့်သာ တင်ပို့ခွင့်ပြုရေးဆောင်ရွက်သွားရန်နှင့် ပို့ကုန်ဈေးနှုန်းသတ်မှတ်နှုန်းထားများကို ပင်လယ် ရေကြောင်းကုန်သွယ်မှု သတ်မှတ်သည့် နှုန်းထားများနှင့် တစ်ပြေးညီဖြစ်စေရေးဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

ပို့ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ပို့ကုန်ရငွေသည် (၄၅) ရက်အတွင်း မဖြစ်မနေဝင်ရောက်ရမည်ဖြစ်ပြီး ပို့ကုန်လိုင်စင် သက်တမ်းကို (၁) လခွင့်ပြုပေးရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၂) မှ ဆုံးဖြတ်ခဲ့ပါသည်။

ဆီထွက်သီးနှံတင်ပို့မှုအား (၈-၅-၂၀၂၂) ရက်နေ့မှစ၍ ယာယီရပ်ဆိုင်းထားခဲ့သည့်အတွက် ပြန်လည်ခွင့်ပြုနိုင်ရေး အပေါ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ တင်ပြထားဆဲဖြစ်၍ ဝန်ကြီးရုံး၏ ခွင့်ပြုချက်ရရှိမှသာ ခွင့်ပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ OSS ဌာနတာဝန်ခံများ ၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင်နှင့် ပဲ၊ ပြောင်း၊ နှမ်း လယ်ယာထွက်ကုန်စည်ဒိုင်များအနေဖြင့် ဆန်ပဲ၊ ပြောင်း နှင့် ဆီထွက်သီးနှံများအား

ပြည်ပသို့ နယ်စပ်မှတစ်ဆင့်တင်ပို့မှုနှင့် ပတ်သက်သည့် ညွှန်ကြားချက်အား သိရှိ လိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

Source: https://www.logisticsguide.com.mm/en/knowledge/rules-regulations/226353-usd.html

## ပြည်ပကုန်သွယ်မှုသတင်း

### မြန်မာနိုင်ငံမှ ပြည်ပသို့တစ်လလျှင် ပျမ်းမျှဆန်တန်ချိန် နှစ်သိန်းခန့်နှင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆန်မက်ထရစ်တန် နှစ်သန်း တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်နေ

မြန်မာနိုင်ငံမှ ပြည်ပသို့တစ်လလျှင် ပျမ်းမျှဆန်တန်ချိန် နှစ်သိန်းခန့် တင်ပို့လျက်ရှိပြီး ယခုဘဏ္ဍာရေးနှစ်တွင် မက်ထရစ်တန်ချိန် နှစ်သန်း တင်ပို့နိုင်ရန်ရည်မှန်းဆောင်ရွက်လျက်ရှိကာ ဖြစ်ပေါ်လာသော အခက်အခဲများကို နိုင်ငံတော်အစိုးရနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ပြည်ပသို့တင်ပို့သော တန်းမြင့်ဆန်ဖြစ်သည့် ပေါင်းဆန်များကို ဥရောပဈေးကွက်သို့ အဓိကတင်ပို့လျက်ရှိရာ ထိုသို့တင်ပို့ရာ၌ နိုင်ငံခြားငွေလဲနှုန်းပေါ်တွင် သက်ရောက်မှုမရှိသော်လည်း အခြေခံကျသော ဆန်တင်ပို့မှုတွင် အနည်းငယ်ထိခိုက်မှုရှိ၍ သက်ဆိုင်ရာနှင့်ညှိနှိုင်းမှုဖြင့် အခက်အခဲဟူသမျှကို ကျော်ဖြတ်နိုင်ရန် စီစဉ်ဆောင်ရွက် လျက်ရှိကာ မြန်မာ့ဆန်ကို ဥရောပ၊ တရုတ်၊ အာဆီယံနိုင်ငံအချို့နှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။

ပြည်ပတင်ပို့မှုအတွက် ဆန်ကွဲလိုအပ်ချက်ရှိပြီး ပြည်တွင်းမွေးမြူရေးလုပ်ငန်းအတွက် ဖွဲနု၊ ဆန်ကွဲနှင့် ယမကာချက်လုပ်သောလုပ်ငန်းအတွက် ဆန်ကွဲကိုဖြည့်ဆည်းပေးလျက်ရှိသည်။ မြန်မာ့ဆန်ကွဲကို ဥရောပနှင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့လျက်ရှိကာ ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပတင်ပို့မှုထိန်းညှိရန် လိုအပ်လျက်ရှိသည်။

၂၀၂၁ ခုနှစ်တွင် ငွေကြေးလည်ပတ်မှု လုပ်ငန်းအခက်အခဲများရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် မနှစ်ကထက် ပိုမို ကောင်းမွန်ခဲ့ကာ ပုံမှန်အခြေအနေသို့ မရောက်သေးဘဲ ငွေကြေးလည်ပတ်မှုလုပ်ငန်းအနေဖြင့် ဆန်စပါးနှင့် လယ်ယာဖွံ့ဖြိုးရေးကဏ္ဍတွင် သက်ရောက်မှုရှိခဲ့ရာ မိုးစပါးမပေါ်မီ ဇူလိုင်နှင့်ဩဂုတ် နှစ်လတာကာလတွင် ဆန်နှင့်ဆန်ကွဲတည်ငြိမ်သော ဈေးကွက်တစ်ခုဖြစ်ပေါ်ရန် ကုန်စည်ဒိုင်များကုန်စည်စီးဆင်းမှု၊ ဆန်ပိုဒေသနှင့်ဆန်လိုဒေသ ချိန်ညှိဆောင်ရွက်မှုနှင့် နယ်ဒေသတို့တွင် ဆန်စပါးလက်ကျန်အခြေအနေတို့ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးရောင်းဝယ်သူများ ညှိနှိုင်း၍ အကောင်းဆုံးဆောင်ရွက်ထားကြောင်း၊ မြေဩဇာဈေးနှုန်းကြီးမြင့်မှု၊ သယ်ယူစရိတ်ကြီးမြင့်မှုနှင့် ဆန်စက်များ လည်ပတ်မှုကျဆင်းမှုကြောင့် ပြည်တွင်းဆန်ဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့မှုဖြင့် အခြေခံစားသုံးဆန်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ ခန့်နှင့် ဆန်ကွဲနှင့်ကောက်ညှင်းဆန်ဈေးနှုန်း မြင့်တက်ခဲ့သော်လည်း မိုးရာသီနှစ်လတာတွင် ဆန်ဈေးကွက် တည်ငြိမ်မှုအတွက် ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

ဆန်နှင့်ဆန်ကွဲကို ပြည်ပပို့ကုန်နှင့် ပြည်တွင်းစားသုံးမှုဖူလုံရန်နှင့် ဈေးနှုန်းတည်ငြိမ်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းအနေဖြင့်ဆောင်ရွက်လျက်ရှိပြီး ပြည်ပသို့ လစဉ်ဆန်တန်ချိန် နှစ်သိန်းတင်ပို့လျက်ရှိကာ ယခုဘဏ္ဍာရေးနှစ်တွင် ဆန်မက်ထရစ်တန်ချိန် နှစ်သန်းတင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

**Source:** https://www.moi.gov.mm/npe/index.php/pnnypsiuttcllng-pmmchnttnkhin-ncsinkhnnng-ykhubhnnddaarencttng-chnmkthrcttn-ncsn-ttngpiuniungrn

### စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များအတွက် ရုရှားနှင့်ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကိုဆွေးနွေး

မြန်မာနိုင်ငံ၏ စက်သုံးဆီနှင့်လျှပ်စစ်ဓာတ်အား လိုအပ်ချက်များအတွက် ရုရှားနှင့်ရေရှည်ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ဇွန် ၁၅ ရက်မှ ၁၈ ရက် အထိကျင်းပသည့် (၂၅) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်စဉ် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားမှတာဝန်ရှိသူများတွေ့ဆုံခဲ့ပြီး ယင်းသို့ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်ဖြစ်သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် စွမ်းအင်ဝန်ကြီးဖြစ်သူ H.E. Mr. SHULGINOV

Nikolay ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ ပြီး ယင်းသို့တွေ့ဆုံရာတွင် ရုရှားနိုင်ငံစွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. SOR OKIN Pavel လည်းပါဝင်တက်ရောက်ခဲ့ကာ H.E. Mr. SHULGINOV Nikolay က ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် စွမ်းအင်ဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်မျှော်လင့်ကြောင်း၊ ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများ၌ ရုရှားကုမ္ပဏီများ ပါဝင်ဆောင်ရွက်နေမှုများနှင့် ရေနံနှင့်ရေနံထွက် ပစ္စည်းများ တင်ပို့ရေးနှင့် လျှပ်စစ်ဓာတ်အား ပေး စက်ရုံတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးကလည်း မြန်မာနိုင်ငံအတွက် စက်သုံးဆီနှင့်လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ရှင်းလင်း ပြောကြား၍ ရုရှားနိုင်ငံနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံဝန်ကြီးဌာနများ အကြား ပူးပေါင်း လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ လက်တွေ့လုပ်ငန်းဆောင်ရွက်ရန် သဘောတူဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးဦးသောင်းဟန်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ROSAT OM State Nuclear Energy Corporation ၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူအား လက်ခံတွေ့ဆုံခဲ့ပြီး ရုရှားနိုင်ငံ၏ နျူကလီးယား စွမ်းအင်ဆိုင်ရာ နည်းပညာအသုံးပြု၍ စက်ပစ္စည်းများထုတ်လုပ်ဆောင်ရွက်မှု အခြေအနေ၊ နျူကလီးယားစွမ်းအင် အသုံးပြုမှုနှင့်စပ်လျဉ်း၍ လိုအပ်သည့်ကိစ္စများအား ရှင်းလင်းပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးကလည်း မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲ နိုင်မှုအခြေအနေကို ပြန်လည်ရှင်းလင်းဆွေး နွေးခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံတွင်ကျင်းပသည့်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင် ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းဆွေတို့ တက်ရောက်ခဲ့သည်။

အဆိုပါစုံညီအစည်းအဝေးသို့ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာပလာဒီမာပူတင် တက်ရောက်၍ ကမ္ဘာ့ စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားနိုင်ငံ၏ စီမံဆောင်ရွက်နေမှုများ၊ ပထဝီနိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားစီးပွားရေး အခြေအနေ၊ စီမံကိန်းများအတွက် ငွေကြေးထုတ်ချေးမည့်ကိစ္စရပ်များ၊ စီးပွားရေးပိတ်ဆို့မှုများ၊ မေခရိုစီးပွားရေး တည်ငြိမ်ရေး နှင့်စပ်လျဉ်း၍ဆောင်ရွက်နေမှုများ၊ စိန်ခေါ်မှုများမှအခွင့်အလမ်းသို့ ပြောင်းလဲဆောင်ရွက်မှုများ၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုး တိုးတက်ရေး၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုလုံခြုံစိတ်ချရေး၊ ခေတ်သစ်ပုံစံဖြင့် ဈေးကွက်ဖွင့်လှစ် ဆောင်ရွက်ရေး၊ နိုင်ငံအဆင့်အသေးစား၊ အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ် တဝင့်ထည့်သွင်းပြောကြားသည်။

Source: https://news-eleven.com/article/232755

## ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ကျင်းပမည့် STARTMEUP HK နှင့် FINTECH WEEK 2022 သို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်နိုင်ရန် ဖိတ်ခေါ်

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ကျင်းပမည့် STARTMEUP HK နှင့် FINTECH WEEK 2022 သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရအဖွဲ့အစည်းဖြစ်သည့် InvestHK ၏ စီစဉ်မှုဖြင့် Startmeup HK Festival ကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ထို့ပြင် FinTech Week 2022 ကိုလည်း ဟောင်ကောင်ဒေသ၌ ၂၀၂၂ ခုနှစ် အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲများကို Hybrid ပုံစံဖြင့်ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင် တက်ရောက်နိုင်ကာ စိတ်ပါဝင်စားသည့်ကုမ္ပဏီများအနေဖြင့် အွန်လိုင်းမှတစ်ဆင့်မှတ်ပုံတင် စာရင်းပေးသွင်း၍ တက်ရောက် နိုင်မည်ဖြစ်သည်။

Startmeup HK Festival နှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို http://www.startmeup .hk startmeuphkfestival-2022/ တွင်လေ့လာနိုင်ပြီး မှတ်ပုံတင်စာရင်းပေးသွင်းရမည့်လုပ်ငန်းစဉ်ကို ထပ်မံကြေညာပေးမည် ဖြစ်ကြောင်း၊ Hong Kong FinTech Week 2022 အတွက် http://www.fintechweek.hk/ pre-register-2022 တွင် ကြိုတင်မှတ်ပုံတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကျင်းပမည့်အစီအစဉ်ကို ထပ်မံ၍ ကြေညာပေးမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင် ဟောင်ကောင်၏ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉ ဒသမ ၈၇၁ ဘီလျံကျော်ရှိပြီး စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၁၀ ဒသမ ၈၄ ရာခိုင်နှုန်းရှိနေသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအနေဖြင့် တရုတ်နိုင်ငံမှ ဒေါ်လာ၂ ဒသမ ၇၈၂ သန်း၊ တိုင်ပေမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာနှစ်သန်း၊ ဟောင်ကောင်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၂၁၅ သန်းဖြင့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၅ ဒသမ ၉၈၇ သန်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) ခြောက်လအတွင်း နိုင်ငံအလိုက် ဝင်ရောက်မြှုပ်နှံမှုအနေဖြင့် စင်ကာပူမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂၉၇ ဒသမ ၃၄၉ သန်း၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၄၂ ဒသမ ၁၃၇ သန်း၊ တိုင်ပေမှ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၈ ဒသမ ၆၄၁ သန်း၊ ပြင်သစ်မှ ဒေါ်လာ သုည ဒသမ ၄၉၇ သန်း၊ ဟောင်ကောင်မှ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၀၉ ဒသမ ၁၄၀ သန်း၊ အိန္ဒိယနိုင်ငံမှ ဒေါ်လာ သုည ဒသမ ၅၅၀ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၄ ဒသမ ၅၃၀ သန်း၊ မလေးရှားမှ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ သုည ဒသမ ၃၁၂ သန်း၊ R.O.K မှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၆၂ ဒသမ ၆၉၃ သန်း၊ Samoa မှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာနှစ်သန်း၊ Seychelles မှ ဒေါ်လာ ၁ ဒသမ ၃၄၃ သန်း၊ ထိုင်းမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ခုနစ်သန်း၊ နယ်သာလန်မှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ လေး သန်း၊ UK မှ ဒေါ်လာ သုည ဒသမ ၃၃၅ သန်း ဝင်ရောက်မြှုပ်နှံထားသည်။ Source: https://news-eleven.com/article/232336

## ၂၀၂၃ တွင် ကွန်တိန်နာအခွံ TEU ၁၃ သန်းအထိ ပိုလျှံနိုင်ဟု ခန့်မှန်း

ရေကြောင်းသွားလာမှုမှာ ဆိပ်ကမ်း ဝင်ရဖို့အတွက် အချိန်ပိုကြာနေပြီး ဆိပ်ကမ်းမှာ ချသွားတဲ့ ကွန်တိန်နာတွေကို သင်္ဘောပြောင်းတင်ပေးဖို့မှာလည်း ကြန့်ကြာမှုတွေ ရှိနေတာကြောင့် ကွန်တိန်နာတစ်လုံး သုံးစွဲထားချိန်က ပုံမှန်ထက် ပိုကြာနေတာကြောင့် သုံးစွဲထားတဲ့ ကွန်တိန်နာ အရေအတွက် ဆတိုးဖြင့် ပိုများလာနေပါတယ်။

ကွန်တိန်နာအခွံ ရောင်းဝယ်ရေး လုပ်ငန်း SeaCube Containers ရဲ့ ဒါရိုက်တာ Danny den Boer ရဲ့ အဆိုအရ ကွန်တိန်နာ သုံးစွဲမှု ပမာဏက ပြီးခဲ့တဲ့နှစ်မှာ teu (The twenty-foot equivalent unit is an inexact unit of cargo capacity) ၅၁ ဒသမ ၄ သန်း ရှိခဲ့ပါတယ်။ တစ်နှစ်တာအတွင်း ၁၅ ရာခိုင်နှုန်း ပိုများလာခဲ့ပါတယ်။ ကိုဗစ်အကြိုကာလမှာ နှစ်စဉ်ပိုများလာတဲ့ နှုန်းထားက ပျမ်းမျှအားဖြင့် ၅ ရာခိုင်နှုန်းမျှသာရှိခဲ့ပါတယ်။

ကမ္ဘာတစ်လွှား ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များတွင် ပြင်းထန်စွာထိခိုက်ခဲ့ခြင်းများကြောင့် ဖြစ်ပေါ်ရတဲ့ ထူးခြားချက်လို့ ၎င်းကမှတ်ချက်ပြုပါတယ်။ "ဒါပေမဲ့ လူတွေက ဝန်ဆောင်မှုတွေအတွက် သုံးစွဲကြတာအစား ပစ္စည်းတွေ ဝယ်ဖို့ သုံးစွဲတဲ့ဆီ ရွှေ့ပြောင်းသွားတာကြောင့်လည်းဖြစ်ပါတယ်။ ဈေးကွက်ထဲမှာ ပစ္စည်းအသစ်အရေအတွက် စံချိန်တင် ရောက်ရှိလာနေတယ်" လို့ Mr den Boer က Container xChange က ကြီးမှူးကျင်းပတဲ့ webinar မှာ ပြောကြားပါတယ်။

ဈေးကွက်ထဲ ပစ္စည်းအသစ် များများရောက်လာဖို့ ကွန်တိန်နာ အရေအတွက် ပိုများများသုံးစွဲကြရပါတယ်။ သူက ဆက်လက်ရှင်းပြရာမှာ ပြန်ရောင်းဈေးကွက်ထဲသို့ ပြီးခဲ့တဲ့နှစ်မှာ ကွန်တိန်နာအခွံ teu ၄၀၀,၀၀ မျှသာ ရောက်လာတယ်။ ကိုဗစ်အကြိုကာလ ၂၀၁၉ မှာ ကွန်တိန်နာအခွံ teu ၁ ဒသမ ၆ သန်း ရောက်ရှိပါတယ်။ ယခုအခါမှာ သင်္ဘောလိုင်းတွေက ကွန်တိန်နာအခွံ ပြန်မရောင်းကြတော့ဘူးလို့ သူက ပြောပါတယ်။ "ယေဘုယျအားဖြင့် တစ်ပတ်ရစ် အရန်ဈေးကွက်က အမြဲတစေလိုအပ်ချက်အတိုင်း စည်းချက်ညီတယ်။ ဒါပေမဲ့ ၂၀၂၀ နှင့် ၂၀၂၁ မှာတော့ လိုအပ်ချက်က ရနိုင်တာထက် အများကြီး ကျော်လွန်နေတယ်။ ဒီတော့ ကွန်တိန်နာ ဈေးနှုန်းသတ်မှတ်ကြတာ မြင့်တက်ကုန်တယ်" လို့ သူက ပြောပါတယ်။

ကွန်တိန်နာ ဈေးနှုန်းများ မာနေခဲ့ရာမှ ယူကရိန်းစစ်ပွဲနှင့် တရုတ်ပြည်လော့ဒေါင်းတို့ကြောင့် ပျော့သွားပေမဲ့ ၂၀၁၉ ရေချိန်အထိတော့ ပြန်မဆင်းဘူးလို့ သူက ပြောပါတယ်။

Container xChange အချက်အလက်များအရ ဧပြီလမှာ ပေ ၂၀ ကွန်တိန်နာ ဈေးနှုန်းများ ကျဆင်းခဲ့ရာ ဂျာမနီ ဒူးစ်ဘတ်မှာ ၁၆.၈% ကျတာ $1,933 ဖြစ်သွားတယ်။ ယူအေအီး ဒူဘိုင်းမှာ ၁၄.၄% ကျတာ $2,182 ဖြစ်သွားတယ်။

မေလ ၁၆-၂၀ မှာ ---ပေ၂၀ ကွန်တိန်နာ ဈေးအမြင့်ဆုံးဖြစ်ခဲ့တာတွေက လော့စ်အိန်ဂျယ်လိစ် ($2,523) ၊ မွန်ဒြာ ($2,413) ၊ မီလန် ($2,348) တို့ ဖြစ်ပါတယ်။ ပေ၄၀ ကွန်တိန်နာ ဈေးအမြင့်ဆုံးဖြစ်ခဲ့တာတွေက ဟိုချီမင်း ($4,443) ၊ ရှန်ဟိုင်း ($4,400) ၊ မွန်ဒြာ ($4,369) တို့ဖြစ်ပါတယ်။ "ဈေးကွက်က အလွန်အမင်း မတည်ငြိမ်ဘူး။ လိုအပ်ချက် အားပျော့ရင် ကွန်တိန်နာ အသစ်ရော အဟောင်းရော ဈေးနှုန်းများ ကျဆင်းကုန်တယ်။ အဲဒီအခါ တစ်ပတ်ရစ် အရန်ကွန်တိန်နာ အာရှဈေးကွက်ထဲ ကွန်တိန်နာတွေ ရောက်လာတယ်"လို့ Mr den Boer က ပြောကြားပါတယ်။

ကွန်တိန်နာ teu ၇၆၈,၀၀၀ ဖြင့် ကွန်တိန်နာ အငှားလုပ်ငန်း လုပ်ကိုင်နေတဲ့ SeaCube မှာ အအေးပေး ကွန်တိန်နာ ၆၄% ပါဝင်ပါတယ်။ အအေးပေး ကွန်တိန်နာက အလားအလာ အမြင့်မားဆုံးလို့ သူက ပြောပါတယ်။
"လူတွေက တီဗီအသစ် မဝယ်ဘဲ နေလို့ရတယ်။ စားစရာ မဝယ်လို့မရတော့ စားသောက်ကုန် ကုန်စိုတွေ သယ်ဖို့ အအေးပေး ကွန်တိန်နာက လိုအပ်နေတယ်" လို့ သူက ရှင်းပြပါတယ်။

ကုန်ခြောက်ကွန်တိန်နာတွေက လိုအပ်ချက်ထက် ပိုလျှံနေမယ့်အရေး ရှိနေတယ်လို့ Sea-Intelligence က တွက်ဆထားပါတယ်။ ပစ္စည်းပေးသွင်းကွင်းဆက် ပုံမှန်ပြန်ဖြစ်သွားရင် ကွန်တိန်နာ သုံးစွဲတဲ့ ကြာချိန်တွေ လျော့ကျပြီး ကွန်တိန်နာအခွံတွေ ပိုမိုရရှိလာမယ်လို့ ဆိုပါတယ်။

ဆိပ်ကမ်းမှာ ကြန့်ကြာတာတွေ မရှိတော့ရင် ဥပမာ Hapag-Lloyd ကွန်တိန်နာလိုင်းမှာ ၁၇ ရာခိုင်နှုန်း ကွန်တိန်နာ အပိုထွက်လာလိမ့်မယ်။ Sea-Intelligence စီအီးအို Alan Murphy က "၂၀၂၁ မှာ ကမ္ဘာတစ်လွှား ကွန်တိန်နာတွေ teu သန်း ၅၀ အထိ ရှိလာတယ်။ တကယ်လို့ ၁၇ ရာခိုင်နှုန်းပိုနေတယ်ဆိုရင် teu ၈.၅ သန်း ပိုနေမယ်။ ၂၀၂၂ မှာ teu ၄.၅~ ၄.၈ သန်း ထပ်တိုးမယ် ဆိုတော့ ၂၀၂၃ မှာ teu ၁၃ သန်း ပိုနေလိမ့်မယ် " လို့ ပြောကြားပါတယ်။

Source: https://www.logisticsguide.com.mm/en/knowledge/tips/226283-teu.html

## လာမည့်ပြောင်းရာသီ၌ နယ်စပ်ကုန်သွယ်ရေးဖြင့် ပြည်ပသို့ ပြောင်းတင်ပို့ရာတွင် ပိုးမွှားကင်းစင်ရေး အသိအမှတ်ပြုမှတ်ပုံတင်အရတင်ပို့နိုင်မည်ဖြစ်

လာမည့်ပြောင်းရာသီချိန်တွင် မြန်မာ့ပြောင်းများကိုနယ်စပ်ကုန်သွယ်ရေးဖြင့် ပြည်ပသို့တင်ပို့ရာတွင်ပိုးမွှားကင်းစင်ရေး အသိအမှတ်ပြု (GACC) မှတ်ပုံတင်အရ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ ဥက္ကဋ္ဌ ဦးထွန်းလွင်ကပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပြောင်းကို နယ်စပ်ကုန်သွယ်ရေးဖြင့် ပြည်ပသို့တင်ပို့ရာတွင် လက်ရှိတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့တင်ပို့မှုရှိနေပြီး ယခုနှစ်တွင် မူဆယ်နယ်စပ် ကုန်သွယ်ရေးမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံသို့ ပိုးမွှားကင်းစင်ရေးအသိအမှတ်ပြု (GACC) မှတ်ပုံတင်ဖြင့် လာမည့်ပြောင်းရာသီချိန်တွင် မြန်မာ့ပြောင်းကို နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့နိုင်မည်ဖြစ်ကြောင်းသိရသည်။ "မြန်မာနိုင်ငံက ပြောင်းတင်ပို့မဲ့ကုမ္ပဏီတွေကို GACC မှတ်ပုံတင်ခွင့်မရသေးတဲ့အတွက် ပြောင်းတင်ပို့ခွင့် မရသေးတာတော်တော်ကြာခဲ့ပါပြီ။ ဖေဖော်ဝါရီလကစပြီး GACC နဲ့ ပတ်သက်ပြီးတော့ သဘောတူညီမှုရရှိသွားပြီဖြစ်တဲ့အတွက် GACC မှတ်ပုံတင်အရ အခုလာမဲ့ ပြောင်းရာသီမှာ ပြောင်းတင်ပို့နိုင်မှာဖြစ်ပါတည်။ တင်ပို့ခွင့်ရမဲ့ ကုမ္ပဏီပေါင်း ၁၄၀ လောက်ရှိပါတယ်။ နယ်စပ်ကနေ တစ်နှစ်ပတ်လုံး ပမာဏများများ တင်ပို့နိုင်မှာ ဖြစ်ပါတယ်" ဟု ဦးထွန်းလွင်ကပြောပြသည်။

လက်ရှိအနေဖြင့် မြဝတီနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုကို ဖေဖော်ဝါရီလမှ ဩဂုတ် လထိ အခွန်သက်သာခွင့်နှင့် တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ GACC မှတ်ပုံတင် အရ တင်ပို့မည်ဆိုပါက နယ်စပ်ကုန်သွယ်ရေးဖြင့် ပြောင်းတင်ပို့မှုပမာဏ ဆက်လက်မြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့ပြောင်းကို နယ်စပ်ကုန်သွယ်ရေးဖြင့်သာမက ပင်လယ်ရေကြောင်းကုန်သွယ်ရေးဖြင့် အာဆီယံ ဒေသတွင်းနိုင်ငံများသို့ပါ တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ပြောင်းဆန်တန်ခ်ိန် ၁၁ သန်းခန့် ထွက်ရှိကြောင်း သိရသည်။ Source: ရတနာပုံသတင်းစာ

## မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်း လေးနိုင်ငံမှ ရေလုပ်သားများ ထိုင်းခေါ်ယူ

ထိုင်းနိုင်ငံ ပင်လယ်ရေလုပ်သားအဖြစ်လုပ်ဆောင်ရန် မြန်မာအပါအဝင် အိမ်နီးချင်းလေးနိုင်ငံမှ ပင်လယ်ရေလုပ်သား နှစ်နှစ်စာသက်တမ်းရှိ နေထိုင်ခွင့်ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်းသိရသည်။ ထိုင်းနိုင်ငံတွင် ပင်လယ်ရေလုပ်သား ရှားပါးမှုပြဿနာကို ဖြေရှင်းရန် အိမ်နီးချင်း လေးနိုင်ငံဖြစ်သော မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယမ်နမ်နိုင်ငံတို့မှ ရွှေ့ပြောင်းလုပ်သား ခေါ်ယူမည့် ကြေညာချက်နှစ်စောင်ကို ထိုင်းအစိုးရဝန်ကြီးဌာနရုံးမှ ဇွန် ၂၀ ရက်က အတည်ပြုထုတ်ပြန်လိုက်ကြောင်း အလုပ်သမားအရေးဆောင်ရွက်နေသူများထံမှ သိရသည်။

ကိုဗစ်ကြောင့် လုပ်သားလိုအပ်ချက်ကိုဖြည့်ဆည်းရန် ကျွမ်းကျင်လုပ်သားနှင့် သာမန်လုပ်သားအပြင် ဘဝနှင့်ရင်းရသော ရေလုပ်သားများပင်ခေါ်ယူလျှက်ရှိကြောင်း မြန်မာပြည်သားများအရေးပူးတွဲလှုပ်ရှားမှုကော်မတီ(JACBA) ဥက္ကဋ္ဌ ဦးမိုးကြိုးကပြောသည်။ "ထိုင်းနိုင်ငံကတော့ သူ့နိုင်ငံမှာ ကျွမ်းကျင်လုပ်သားအင်အားနဲ့ အခြားသာမန်လုပ်သား ပြတ်လပ်မှု

မရှိအောင် လုပ်ထုံး လုပ်နည်းတွေ ဥပဒေပိုင်းဆိုင်ရာတွေကို ဖြေလျှော့ပေးနေတာဘဲလေ။ ထိုင်းနိုင်ငံက အခုလို MoU စနစ်နဲ့ ဝင်လာပါလို့ ခေါ်တုန်းမှာ အလျှင်အမြန်ဗျာထူးဖို့တော့လိုတာပေါ့ဗျာ။ ထိုင်းနိုင်ငံက ကျွမ်းကျင်လုပ်သားရော သာမန်လုပ်သားတွေရော အမြန်အလိုရှိနေတယ်လေ။ ခုဆိုရင်ရေလုပ်သားတွေ၊ ဘာဘဲပြောပြော ဘဝကိုအလောင်းအစားကြီးတဲ့ အသက်အန္တရာယ်နဲ့ နီးတဲ့ရေလုပ်သားတွေခေါ်နေပြီ၊ ဒါဘာဘဲပြောပြော ခက်ခဲကြမ်းတမ်းတဲ့အလုပ်၊ အန္တရာယ်ရှိတဲ့အလုပ် ညစ်ပတ်ပေရေတဲ့အလုပ်၊ တင်းကြပ်တဲ့ဥပဒေကြားထဲမှာ လုပ်ရတယ်ဆိုတဲ့ 4D အလုပ်တွေကို အိမ်နီးချင်းနိုင်ငံတွေဆီကနေ အဆောတလျှင်ခေါ်ယူနေ တာဖြစ်ပါတယ်" ဟု ဦးမိုးကြိုးက ပြောသည်။

ထိုင်းနိုင်ငံပင်လယ်ပြင် ရေလုပ်သားအဖြစ်ခေါ်ယူရာတွင် Pass Port စာအုပ်ရှိနေသူ (သို့မဟုတ်) အထောက်ထားစာရွက် သက်တမ်းရှိနေသူများနှင့် ထိုင်းနိုင်ငံအဝင် တံဆိပ်တုံးပါ ရှိနေသူများ ပင်လယ်ရေလုပ်သား စာအုပ်ကိုင်ဆောင်ထားသူများ အနေဖြင့် နှစ်နှစ်စာသက်တမ်းရှိ ပင်လယ်ရေလုပ်သား နေထိုင်လုပ်ကိုင်ခွင့် လျှောက်ယူနိုင်ကြောင်း သိရသည်။

Source: https://news-eleven.com/article/232742

## အထူးဆောင်းပါးများ

### ကမ္ဘာ့ဆန်ဈေးကွက်ကို အိန္ဒိယ ဘာကြောင့် အဆုံးအဖြတ်ပေးနိုင်တာလဲ

ဂျုံတင်ပို့မှုကို မထင်မှတ်ဘဲ တားမြစ်ပိတ်ပင်လိုက်တဲ့ အိန္ဒိယရဲ့ အံ့အားသင့်ဖွယ် ဆုံးဖြတ်ချက်ကြောင့် အိန္ဒိယအနေနဲ့ ဆန်တင်ပို့မှုအပေါ်မှာပါ ကန့်သတ်ချက်လုပ်လာမလားဆိုပြီး စိုးရိမ်မှုတွေမြင့်တက်လာခဲ့ ပါတယ်။ ဒါကြောင့် ကုန်သည်တွေဟာ ဆန်အဝယ် မြင့်တင်ခဲ့ကြပြီး ကာလအကြာကြီးနေမှ ပေးပို့ရမယ့် မမှာစဖူး မှာယူမှုမျိုးတွေကိုပါ ပြုလုပ်လာကြပါတယ်။

ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး အိန္ဒိယနိုင်ငံရဲ့ အစိုးရနဲ့ကုန်သွယ်ရေးဌာနတာဝန်ရှိသူတွေကတော့ ပြည်တွင်းဆန်ဈေးနိမ့်ကျနေသလို ဆန်ဂိုဒေါင်တွေထဲမှာ ရောင်းကုန်အလျှံပယ်ရှိနေသေးတာကြောင့် လောလောဆယ်အနေအထားအရ ဆန်တင်ပို့မှုကိုပိတ်ပင်ဖို့ အစီအစဉ်မရှိသေးကြောင်း ပြောဆိုထားပါတယ်။ ဒီလိုဆိုတော့ စားသောက်ကုန်စရိတ်ကြီးမြင့်မှုနဲ့ နပန်းလုံးနေရတဲ့ သွင်းကုန်အားပြုနိုင်ငံတွေအတွက် စိတ်သက်သာစရာပါ။ ဒါပေမဲ့ အိန္ဒိယအဓိကစပါးရာသီဟာ ရှေ့လတွေမှ ကျရောက်မှာဖြစ်ပြီး စပါးထွက်နှုန်း အလားအလာ အပြောင်းအလဲတစ်စုံတစ်ရာ ဖြစ်ပေါ်တာနဲ့ ဆန်တင်ပို့မှုအပေါ် အိန္ဒိယရဲ့ ရပ်တည်ချက်ကလည်း ပြောင်းလဲသွားနိုင်ပါတယ်။

မုတ်သုံမိုးဟာ အိန္ဒိယစပါးသီးနှံ စိုက်ပျိုးမှုအတိုင်းအတာကို အဆုံးအဖြတ်ပေးပြီး ယခုနှစ်မှာ မိုးကောင်းခဲ့ရင်တော့ အိန္ဒိယအနေနဲ့ ကမ္ဘာ့ဆန်ဈေးကွက်အလယ် ပြိုင်ဘက်ကင်းအနေအထားအတိုင်း တင့်တင့်တယ်တယ် ဆက်လက်ရပ်တည်သွားနိုင်ပါလိမ့်မယ်။ မိုးကကွက်တိကွက်ကြားဖြစ်ခဲ့ရင်တော့ သီးနှံဖြစ်ထွန်းမှုထိခိုက်ကာ ထွက်နှုန်းနိမ့်ကျလာပါမယ်။ အဲဒီကနေ နိုင်ငံတော်အရန်ဆန်စာရင်း ကျဆင်းမှုဖြစ်ပေါ်လာနိုင်ကာ အိန္ဒိယလူဦးရေ ၁ ဒသမ ၄ ဘီလျံအတွက် ဆန်လောက်ငစေဖို့ ပို့ကုန်တားမြစ်ရတာမျိုးအထိ ရှိလာနိုင်ပါတယ်။

အိန္ဒိယရဲ့ ၂၀၂၁ ခုနှစ်အတွင်း ဆန်တင်ပို့မှုဟာ စံချိန်တင်ပမာဏအဖြစ် တန်ချိန် ၂၁ ဒသမ ၅ သန်းအထိ ရောက်ရှိခဲ့ပါတယ်။ ဒါဟာ ဆန်တင်ပို့မှုထိပ်သီးစာရင်းမှာ အိန္ဒိယနောက်က လေးနိုင်ငံဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နဲ့ အမေရိကန်ပြည်ထောင်စုတို့ရဲ့ လေးနိုင်ငံပေါင်း တင်ပို့မှုထက်ကို ပိုများပါတယ်။

တရုတ်နိုင်ငံပြီးရင် ဆန်စားသုံးမှု အများဆုံးဖြစ်တဲ့ အိန္ဒိယဟာ ကမ္ဘာ့ဆန်ကုန်သွယ်ရေးဈေးကွက်မှာ ဈေးကွက်ဝေစု ၄၀ ရာခိုင်နှုန်းကျော်အထိ ရှိနေပါတယ်။ အိန္ဒိယမှာ ဆန်ကုန်လက်ကျန် များနေတာနဲ့ ပြည်တွင်းဈေး နိမ့်ကျနေတာတို့ကြောင့် ပြီးခဲ့တဲ့နှစ်နှစ်အတွင်း အိန္ဒိယက ဆန်ကိုဈေးအလွန်အမင်း သက်သာစွာနဲ့ ရောင်းချနိုင်ခဲ့တာပါ။ ဒါက ကြီးမြင့်တဲ့ ဂျုံဈေးကြောင့် အခက်ကြုံတွေ့နေရတဲ့ အာရှနဲ့ အာဖရိကတိုက်ရှိ ဆင်းရဲတဲ့နိုင်ငံတွေကို အထောက်အကူ ဖြစ်စေခဲ့ပါတယ်။

အိန္ဒိယဟာ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်ထံ ဆန်တင်ပို့နေပြီး ၎င်းတို့ပို့ကုန်ကို လျှော့ချလိုက်တာနဲ့ တပြိုင်နက် စားသောက်ကုန်ဈေးမြင့်တက်မှုကို မီးလောင်ရာလေပင့် ဖြစ်စေပါလိမ့်မယ်။ ဆန်ဟာ ကမ္ဘာ့လူဦးရေ သန်းသုံးထောင်အတွက် အခြေခံစားသောက်ကုန်သီးနှံဖြစ်ပြီး ၂၀၀၇ ခုနှစ်တုန်းက အိန္ဒိယ ဆန်တင်ပို့မှု ပိတ်ပင် လိုက်ချိန်မှာ ကမ္ဘာ့ဆန်ဈေးတွေ မကြုံစဖူး အတိုင်းအတာအထိ မြင့်တက်ခဲ့ဖူးပါတယ်။

အိန္ဒိယဆန်တင်ပို့မှုကို ကန့်သတ်တဲ့ ဘယ်လိုလုပ်ဆောင်မှုမျိုးကမဆို ဆန်တင်သွင်းနေရတဲ့နိုင်ငံ အားလုံးနီးပါးကို ထိခိုက်စေပါလိမ့်မယ်။ ပြိုင်ဘက်ဆန်တင်ပို့နိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ်တို့ဟာ နဂိုကတည်းက အိန္ဒိယဆန်ထက် ၃၀ ရာခိုင်နှုန်းကျော်ကြီးမြင့်ပြီးသား ဆန်ဈေးကို ထပ်မံမြှင့်တင်လာကြပါလိမ့်မယ်။ အိန္ဒိယဟာ တရုတ်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်တို့လို အာရှဆန်ဝယ်လက်တွေကို ရောင်းပေးနေတဲ့ အပြင် တိုဂို၊ ဘီနင်၊ ဆီနီဂေါနဲ့ ကင်မရွန်းတို့လို နိုင်ငံတွေဆီကိုလည်း တင်ပို့ရောင်းချနေပါတယ်။

အိန္ဒိယ မိုးစပါးဟာ တစ်နိုင်ငံလုံး တစ်နှစ်တာ စိုက်ပျိုးထုတ်လုပ်မှုအနက် ၈၅ ရာခိုင်နှုန်းကျော် ပါဝင်ပါတယ်။ ၂၀၂၂ ဇွန်လအထိ ကြာမြင့်တဲ့ ပြီးခဲ့တဲ့သီးနှံရာသီအတွင်း ထုတ်လုပ်မှုကတော့ တန်ချိန် ၁၂၉ ဒသမ ၆၆ သန်းအထိ စံချိန်တင်မြင့်တက်ခဲ့တာပါ။ လယ်သမားသန်းပေါင်းများစွာဟာ အိန္ဒိယနိုင်ငံကို မုတ်သုံစဝင်တဲ့ ဇွန်လအတွင်းမှာ မိုးစပါးကို စတင်စိုက်ပျိုးကြပါတယ်။ တစ်နှစ်တာ မိုးရေချိန်ရဲ့ ၇၀ ရာခိုင်နှုန်း ရွာသွန်းပေးနေကျ မုတ်သုံရာသီဟာ ရေလိုအပ်ချက် များတဲ့ စပါးသီးနှံအတွက် လွန်စွာ အရေးပါလှပါတယ်။

အိန္ဒိယလယ်သမားတွေဟာ သွင်းရေမရရှိတဲ့နိုင်ငံထဲက လယ်မြေထက်ဝက်ခန့်အတွက် မုတ်သုံမိုးကို အားပြုစိုက်ပျိုးနေကြရပါတယ်။ ၂၀၂၂ ခုနှစ်အတွင်း အိန္ဒိယဟာ မုတ်သုံမိုးရေချိန် ရွာမြဲအတိုင်း ရရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမဲ့ လေးလတာ မုတ်သုံရာသီ စတင်တဲ့ ဇွန်လ ၁ ရက်နေ့ကနေ ယခုအချိန်အထိ ရွာသွန်း ထားတဲ့ မိုးရေချိန်ဟာ ပျမ်းမျှအောက် ၄၁ ရာခိုင်နှုန်း လျော့နည်းနေပါတယ်။

ဇွန်လလယ်မှာ မိုးရွာသွန်းမှု ပိုများလာမယ်လို့ ခန့်မှန်းထားတာကြောင့် စပါးစိုက်ပျိုးမှု အားပိုကောင်းလာ ဖို့တော့ရှိပါတယ်။ ပြီးခဲ့တဲ့ သုံးနှစ်အတွင်း မိုးရေချိန် ပျမ်းမျှနဲ့အထက်ရရှိခဲ့သလို ခေတ်မီစိုက်ပျိုးရေးနည်းပညာတွေ အသုံးပြုမှုကြောင့် အိန္ဒိယစပါးအထွက်နှုန်း မြင့်တင်နိုင်ခဲ့ပါတယ်။ လောလောဆယ် အိန္ဒိယနိုင်ငံမှာ ဆန်လက်ကျန် လိုတာထက် ပိုများနေသလို ပြည်တွင်းဈေးနှုန်းကလည်း အစိုးရက တောင်သူဆီကနေ အခြေခံဈေး သတ်မှတ်ပေးချေဝယ်ယူတဲ့ နှုန်းထက်တောင် နိမ့်ကျနေပါတယ်။ တင်ပို့ဆန်ဈေးနှုန်းဟာလည်း ငါးနှစ်ကျော်အတွင်း အနိမ့်ဆုံးနှုန်းဝန်းကျင်မှာ အရောင်းအဝယ် ဖြစ်နေပါတယ်။

လက်ရှိ အစိုးရရဲ့ စပါးကျီတွေထဲမှာ ဆန်နဲ့ စပါး စုစုပေါင်းတန်ချိန် ၅၇ ဒသမ ၈၂ သန်း ရှိနေတာကြောင့် အစိုးရရဲ့ အရန်ဆန်မျှော်မှန်းချက် တန်ချိန် ၁၃ ဒသမ ၅၄ သန်းထက် လေးဆကျော်လောက် ပိုများနေပါတယ်။

ရုရှားက ယူကရိန်းကို ဖေဖော်ဝါရီလအတွင်း ကျူးကျော်စစ် စတင်ပြီးနောက်ပိုင်း ဂျုံဈေးတွေ တက်လာနေပေမဲ့ အဲဒီအတွက်ကြောင့် ဆန်တင်ပို့မှု ထောင်တက်လာလိမ့်မယ်လို့ အိန္ဒိယက မျှော်လင့်မထားပါဘူး။ ရုရှား၊ ယူကရိန်းတို့ ပါဝင်တဲ့ ပင်လယ်နက်ဒေသဟာ ဆန်အဓိကထုတ်လုပ်သူလည်း မဟုတ်၊ စားသုံးသူလည်း မဟုတ်တာကြောင့်ပါ။

Ref: Why India Holds the Key to Global Rice Market Outlook

Source: https://greenwaymyanmar.com/posts/Why_India_Holds_the_Key_to_Global_Rice_Market_Outlook

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၂၊ ဇွန်လ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 97,455,360.701 | 610.674 | | 1 | ရေနံထွက်ပစ္စည်းများ | 465.328 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 27,600,407.455 | 286.653 | | 2 | ချည်ထည်များ | 153.737 |
| 3 | (ခ)ပဲတီစိမ်း | မတန် | 75,917.716 | 56.532 | | 3 | စားအုန်းဆီ | 79.888 |
| 4 | ပြောင်း | မတန် | 178,557.548 | 55.731 | | 4 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 58.547 |
| 5 | ဆန် | မတန် | 111,417.150 | 40.278 | | 5 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 55.598 |
| 6 | (က)မတ်ပဲ | မတန် | 40,022.104 | 32.918 | | 6 | စက်နှင့်စက်ပစ္စည်းများ | 47.588 |
| 7 | ရာဘာစိမ်း | မတန် | 17,909.160 | 26.878 | | 7 | ဓါတ်မြေသြဇာများ | 45.840 |
| 8 | ဆန်ကွဲ | မတန် | 73,725.750 | 23.901 | | 8 | ဆေးဝါးပစ္စည်းများ | 41.203 |
| 9 | ငါး | မတန် | 17,081.982 | 20.976 | | 9 | သံနှင့် သံမဏိပစ္စည်းများ | 40.483 |
| 10 | နမ်း | မတန် | 10,667.806 | 13.523 | | 10 | ဓါတုဗေဒပစ္စည်းများ | 36.764 |

# ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၄--၆-၂၀၂၂ ) ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၄--၆-၂၀၂၁ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက် ပစ္စည်း | 1039.329 | 1024.945 | 14.384 |
| ၂ | တိရိစ္ဆာန်ထွက် | 9.644 | 1.398 | 8.246 |
| ၃ | ရေထွက် | 124.662 | 133.662 | -9.000 |
| ၄ | သတ္တုတွင်းထွက် | 96.839 | 211.250 | -114.411 |
| ၅ | သစ်တောထွက် | 34.772 | 27.526 | 7.246 |
| ၆ | စက်မှုကုန်ချော | 2384.828 | 1585.614 | 799.214 |
| ၇ | အခြား | 80.730 | 201.814 | -121.084 |
| | **စုစုပေါင်း** | **3770.804** | **3186.209** | **584.595** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၄--၆-၂၀၂၂)ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၄--၆-၂၀၂၁ )ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း | 739.936 | 1057.176 | -317.240 |
| ၂ | လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း | 1629.649 | 1136.068 | 493.581 |
| ၃ | လူသုံးကုန်ပစ္စည်း | 767.134 | 778.451 | -11.317 |
| ၄ | CMP | 722.291 | 297.441 | 424.850 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **3859.010** | **3269.136** | **589.874** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၂၂၊ ဇွန်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၅-၇-၂၀၂၂) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | – | 48000–49000 |
| မြောင်းမြ | – | 52000–53000 |
| ဒေးဒရဲ | – | 48000–49000 |
| ဝါးခယ်မ | 31000–31500 | 45000–46000 |
| ဘိုကလေး | 30800–31300 | 46500–47500 |
| မော်ကျွန်း | 30800–31300 | 46500–47500 |
| လပွတ္တာ | – | 49000–50000 |
| ကျိုက်လတ် | 31000–31500 | 46000–47000 |
| ဘုရင့်နောင် | 31000–31200 | 55000–62000 (ရွှေဘို) |

**Source: MRF**

## ၂၀၂၂၊ ဇွန်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 6.6.2022 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |
| 2 | 13.6.2022 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |
| 3 | 20.6.2022 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |
| 4 | 27.6.2022 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |

Source: MRPPA

## ၂၀၂၂ ဇွန်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွဲနီ(ရှယ်)(သစ်) | | | ဧည့်မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.6.2022 | 48500 | 48000 | 47000 | 40000 | 39500 | 38500 | 30500 | 30000 | 29500 | 28500 | 28000 | 27500 |
| 2 | 2.6.2022 | 48500 | 48000 | 47000 | 40000 | 39500 | 38500 | 30500 | 30000 | 29500 | 28500 | 28000 | 27500 |
| 3 | 3.6.2022 | 48500 | 48000 | 47000 | 40000 | 39500 | 38500 | 30500 | 30000 | 29500 | 28500 | 28000 | 27500 |
| 4 | 6.6.2022 | 48500 | 48000 | 47000 | 40000 | 39500 | 38500 | 32000 | 31800 | 31500 | 32000 | 31500 | 31000 |
| 5 | 7.6.2022 | 48500 | 48000 | 47000 | 40000 | 39500 | 38500 | 32000 | 31800 | 31500 | 32000 | 31500 | 31000 |
| 6 | 8.6.2022 | 48500 | 48000 | 47000 | 40000 | 39500 | 38500 | 32000 | 31800 | 31500 | 32000 | 31500 | 31000 |
| 7 | 9.6.2022 | 48500 | 48000 | 47000 | 40000 | 39500 | 38500 | 32000 | 31800 | 31500 | 32000 | 31500 | 31000 |
| 8 | 10.6.2022 | 48500 | 48000 | 47000 | 40000 | 39500 | 38500 | 32000 | 31800 | 31500 | 32000 | 31500 | 31000 |
| 9 | 13.6.2022 | 49000 | 48500 | 47500 | 40000 | 39500 | 38500 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 10 | 14.6.2022 | 49000 | 48500 | 47500 | 40000 | 39500 | 38500 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 11 | 15.6.2022 | 49000 | 48500 | 47500 | 40000 | 39500 | 38500 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 12 | 16.6.2022 | 49000 | 48500 | 47500 | 40000 | 39500 | 38500 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 13 | 17.6.2022 | 49000 | 48500 | 47500 | 40000 | 39500 | 38500 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 14 | 20.6.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 15 | 21.6.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 16 | 22.6.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 17 | 23.6.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 18 | 24.6.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 19 | 27.6.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 20 | 28.6.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 21 | 29.6.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |
| 22 | 30.6.2022 | 49000 | 48500 | 47500 | 41000 | 40500 | 40000 | 32500 | 32000 | 31800 | 32000 | 31500 | 31000 |

**Source: Myanmar Rice**

## ၂၀၂၂ ဇွန်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2022 | 2022 | | | | |
| 1 | 1.6.2022 | 1456500 | 1355000 | 1273800-1298300 | 1580000-1653500 | 1580000-1635100 | 1436100-1598300 |
| 2 | 2.6.2022 | 1491000 | 1370000 | 1273800-1298300 | 1580000-1653500 | 1580000-1635100 | 1436100-1598300 |
| 3 | 3.6.2022 | 1483000 | 1367500 | 1273800-1298300 | 1580000-1653500 | 1580000-1613600 | 1436100-1598300 |
| 4 | 6.6.2022 | 1480000 | 1367500 | 1273800-1328900 | 1580000-1653500 | 1580000-1613600 | 1436100-1598300 |
| 5 | 7.6.2022 | 1507000 | 1372900 | 1273800-1328900 | 1580000-1653500 | 1580000-1635100 | 1436100-1598300 |
| 6 | 8.6.2022 | 1513000 | 1370000 | 1273800-1328900 | 1580000-1653500 | 1580000-1665700 | 1436100-1598300 |
| 7 | 9.6.2022 | 1527000 | 1387500 | 1273800-1328900 | 1580000-1653500 | 1580000-1665700 | 1436100-1598300 |
| 8 | 10.6.2022 | 1532000 | 1390000 | 1273800-1328900 | 1580000-1653500 | 1580000-1665700 | 1436100-1598300 |
| 9 | 13.6.2022 | 1531000 | 1390000 | 1295200-1328900 | 1580000-1653500 | 1610600-1684100 | 1543200-1653500 |
| 10 | 14.6.2022 | 1535500 | 1390000 | 1295200-1328900 | 1580000-1653500 | 1610600-1684100 | 1543200-1653500 |
| 11 | 15.6.2022 | 1560000 | 1405000 | 1295200-1328900 | 1580000-1653500 | 1632000-1684100 | 1543200-1653500 |
| 12 | 16.6.2022 | 1570000 | 1410000 | 1295200-1328900 | 1580000-1653500 | 1632000-1684100 | 1543200-1653500 |
| 13 | 17.6.2022 | 1612000 | 1425500 | 1295200-1328900 | 1580000-1653500 | 1632000-1684100 | 1543200-1653500 |
| 14 | 20.6.2022 | 1605000 | 1396000 | 1295200-1328900 | 1580000-1653500 | 1632000-1684100 | 1543200-1653500 |
| 15 | 21.6.2022 | 1615000 | 1391000 | 1295200-1359500 | 1580000-1653500 | 1632000-1684100 | 1543200-1653500 |
| 16 | 22.6.2022 | 1616000 | 1387500 | 1295200-1359500 | 1580000-1653500 | 1632000-1684100 | 1543200-1653500 |
| 17 | 23.6.2022 | 1607500 | 1380000 | 1295200-1359500 | 1580000-1653500 | 1632000-1684100 | 1543200-1653500 |
| 18 | 24.6.2022 | 1622000 | 1380000 | 1295200-1359500 | 1580000-1635100 | 1632000-1684100 | 1543200-1653500 |
| 19 | 27.6.2022 | 1657500 | 1444000 | 1295200-1359500 | 1580000-1635100 | 1632000-1684100 | 1543200-1653500 |
| 20 | 28.6.2022 | 1686000 | 1447500 | 1295200-1359500 | 1580000-1635100 | 1632000-1684100 | 1543200-1653500 |
| 21 | 29.6.2022 | 1693500 | 1447500 | 1295200-1359500 | 1580000-1635100 | 1580000-1684100 | 1543200-1653500 |
| 22 | 30.6.2022 | 1700000 | 1480000 | 1295200-1359500 | 1580000-1635100 | 1580000-1684100 | 1543200-1653500 |

**Source: ဘုရင့်နောင်ကုန်စည်ဒိုင်**

## ၂၀၂၂ ဇွန်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.6.2022 | 2275000-2602700 | 1194200-1224800 | 1071700-1224800 | 1580000-1635100 | 661400-673600 |
| 2 | 2.6.2022 | 2599600-2709800 | 1194200-1224800 | 1172700-1255400 | 1580000-1635100 | 673600-685900 |
| 3 | 3.6.2022 | 2599600-2709800 | 1194200-1224800 | 1172700-1255400 | 1580000-1635100 | 673600-685900 |
| 4 | 6.6.2022 | 2599600-2709800 | 1224800-1246200 | 1172700-1255400 | 1580000-1635100 | 673600-685900 |
| 5 | 7.6.2022 | 2599600-2709800 | 1224800-1246200 | 1172700-1255400 | 1580000-1635100 | 673600-685900 |
| 6 | 8.6.2022 | 2599600-2709800 | 1224800-1246200 | 1172700-1255400 | 1580000-1635100 | 673600-685900 |
| 7 | 9.6.2022 | 2599600-2709800 | 1224800-1246200 | 1172700-1255400 | 1580000-1635100 | 661400-673600 |
| 8 | 10.6.2022 | 2599600-2709800 | 1224800-1246200 | 1172700-1255400 | 1580000-1635100 | 661400-673600 |
| 9 | 13.6.2022 | 2599600-2709800 | 1224800-1246200 | 1172700-1255400 | 1580000-1635100 | 649100-661400 |
| 10 | 14.6.2022 | 2599600-2709800 | 1224800-1246200 | 1172700-1255400 | 1580000-1635100 | 649100-661400 |
| 11 | 15.6.2022 | 2599600-2709800 | 1224800-1246200 | 1172700-1255400 | 1580000-1635100 | 649100-661400 |
| 12 | 16.6.2022 | 2599600-2709800 | 1224800-1246200 | 1172700-1255400 | 1580000-1635100 | 630800-643000 |
| 13 | 17.6.2022 | 2599600-2709800 | 1224800-1246200 | 1172700-1255400 | 1580000-1635100 | 630800-643000 |
| 14 | 20.6.2022 | 2599600-2709800 | 1243200-1255400 | 1172700-1224800 | 1580000-1635100 | 630800-643000 |
| 15 | 21.6.2022 | 2599600-2709800 | 1243200-1255400 | 1172700-1224800 | 1580000-1635100 | 630800-643000 |
| 16 | 22.6.2022 | 2599600-2709800 | 1243200-1255400 | 1172700-1224800 | 1580000-1635100 | 630800-643000 |
| 17 | 23.6.2022 | 2599600-2709800 | 1243200-1255400 | 1172700-1224800 | 1580000-1635100 | 630800-643000 |
| 18 | 24.6.2022 | 2599600-2709800 | 1243200-1255400 | 1172700-1224800 | 1580000-1635100 | 630800-643000 |
| 19 | 27.6.2022 | 2599600-2709800 | 1243200-1255400 | 1120700-1206400 | 1580000-1635100 | 606300-618500 |
| 20 | 28.6.2022 | 2599600-2709800 | 1243200-1255400 | 1120700-1206400 | 1580000-1635100 | 606300-618500 |
| 21 | 29.6.2022 | 2599600-2709800 | 1224800-1255400 | 1120700-1206400 | 1580000-1635100 | 606300-618500 |
| 22 | 30.6.2022 | 2599600-2709800 | 1224800-1255400 | 1120700-1206400 | 1580000-1635100 | 600100-612400 |

**Source: ဘုရင့်နောင်ကုန်စည်ဒိုင်**

## ၂၀၂၂ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.6.2022 | 1841 | 1842 | 2040000 | 2040000 |
| 2 | 2.6.2022 | 1848 | 1851 | 2050000 | 2048000 |
| 3 | 3.6.2022 | 1871 | 1874 | 2054000 | 2049500 |
| 4 | 6.6.2022 | 1858 | 1861 | 2048000 | 2044500 |
| 5 | 7.6.2022 | 1844 | 1920 | 2044000 | 2043500 |
| 6 | 8.6.2022 | 1850 | 1920 | 2046000 | N/ A |
| 7 | 9.6.2022 | 1855 | 1860 | 2048000 | 2048000 |
| 8 | 10.6.2022 | 1847 | 1851 | 2047000 | 2047000 |
| 9 | 13.6.2022 | 1866 | 1868 | 2053000 | 2054000 |
| 10 | 14.6.2022 | 1828 | 1831 | 2046000 | N/ A |
| 11 | 15.6.2022 | 1817 | 1820 | 2048000 | N/ A |
| 12 | 16.6.2022 | 1834 | 1837 | 2057000 | 2059000 |
| 13 | 17.6.2022 | 1845 | 1848 | 2056000 | 2054000 |
| 14 | 20.6.2022 | 1849 | 1852 | 2055000 | 2054000 |
| 15 | 21.6.2022 | 1842 | 1845 | 2050000 | 2050000 |
| 16 | 22.6.2022 | 1831 | 1836 | 2050000 | 2049000 |
| 17 | 23.6.2022 | 1836 | 1839 | 2055000 | 2054500 |
| 18 | 24.6.2022 | 1830 | 1833 | 2053000 | 2053500 |
| 19 | 27.6.2022 | 1839 | 1842 | 2055000 | 2053000 |
| 20 | 28.6.2022 | 1828 | 1832 | 2052000 | 2051000 |
| 21 | 29.6.2022 | 1822 | 1826 | 2053000 | 2058500 |
| 22 | 30.6.2022 | 1815 | 1826 | 2065000 | N/ A |

**Source: Bullionvault, etrademyanmar**

## ၂၀၂၂ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.6.2022 to 3.6.2022 | 6.6.2022 to 10.6.2022 | 13.6.2022 to 17.6.2022 | 20.6.2022 to 24.6.2022 | 27.6.2022 to 30.6.2022 |
|---|---|---|---|---|---|---|
| toမတ်ပဲ(2022 crop) | FAQ | 780–800 | 800–820 | 820–840 | 845–865 | 880–900 |
| | SQ | 875–895 | 895–915 | 915–935 | 940–960 | 990–1010 |
| | အခွံချွတ် အလုံး/ အခြမ်း | 925–975 | 935–985 | 945–995 | 955–1005 | 985–1035 |
| | အခွံပါ အခြမ်း | 875–925 | 835–885 | 845–895 | 855–905 | 885–935 |
| ပဲတီစိမ်း | FAQ (အညာ) | 800–850 | 825–875 | 825–875 | 825–875 | 825–875 |
| | ရွှေဝါအသေး (Under 3.5 mm) | 870–900 | 870–900 | 870–900 | 870–900 | 870–900 |
| | ရွှေဝါအကြီး (Size  3.5 mm &up) | 970–1020 | 1000–1025 | 1000–1025 | 1000–1025–1050 | 1000–1025–1050 |
| | ရွှေဝါအကြီး (Size  3.25 mm &up)) | 940–970 | 950–975 | 950–975 | 950–975 | 950–975 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 825–875 | 825–875 | 825–875 | 825–875 | 825–875 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1050–1100 | 1050–1100 | 1050–1100 | 1050–1100 | 1050–1100 |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 875–925 | 875–925 | 875–925 | 875–925 | 875–925 |
| ပဲစင်းငုံ (2022 crop) | အနီ (FAQ) (သို့) Lemon | 730–750 | 730–750 | 735–755 | 740–760 | 755–775 |
| | ဖြူနီ (FAQ) | 720–740 | 720–740 | 725–745 | 730–750 | 745–765 |
| | အဖြူ  (FAQ) | 750–800 | 725–775 | 725–775 | 725–775 | 725–775 |
| ကုလားပဲဖြူလုံးကြီး | FAQ | 1025–1075 | 1000–1050 | 1000–1050 | 1000–1050 | 1000–1050 |
| | အခွံချွတ်အခြမ်း | 800–825 | 800–825 | 800–825 | 800–825 | 800–825 |
| ပဲလွန်းဖြူ | FAQ | 850–900 | 850–900 | 850–900 | 850–900 | 850–900 |
| | SQ (12.5 ဇကာ) | 850–900 | 850–900 | 850–900 | 850–900 | 850–900 |
| ပဲလွန်းနီ | FAQ | 975–1000 | 975–1000 | 975–1000 | 975–1000 | 975–1000 |
| မြေထောက်ပဲ | FAQ | 1050–1100 | 1050–1100 | 1050–1100 | 1050–1100 | 1050–1100 |
| | အခွံချွတ်အခြမ်း | 975–1025 | 975–1025 | 975–1025 | 975–1025 | 975–1025 |
| | အခွံပါအခြမ်း | 900–950 | 900–950 | 900–950 | 900–950 | 900–950 |
| ပဲထောပတ် | FAQ | 350–370 | 350–370 | 350–370 | 350–370 | 350–370 |
| ပြောင်း | | 1350–1450 | 1350–1450 | 1400–1500 | 1450–1500 | 1500–1550 |
| နှမ်းဖြူ | | 1950–2050 | 1950–2050 | 1950–2050 | 1950–2050 | 1950–2050 |
| နှမ်းနက် (စမုံ) | | – | – | – | – | – |
| နှမ်းမှုန် | | 1275–1325 | 1275–1325 | 1325–1375 | 1350–1400 | 1350–1400 |
| နှမ်းညို | | 1400–1500 | 1400–1500 | 1400–1500 | 1400–1500 | 1400–1500 |
| နှမ်းနက်(ရိုးရိုး) | | – | – | – | – | – |
| ပဲကြီး | | 750–800 | 800–850 | 800–850 | 800–850 | 800–850 |
| ပဲယင်း | | – | – | – | – | – |
| ဘိုကိတ် | | – | – | – | – | – |
| နံနံစေ့ | | 780–800 | 800–820 | 820–840 | 845–865 | 880–900 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB–YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 1.6.2022 to 7.6.2022 | 8.6.2022 to 14.6.2022 | 15.6.2022 to 21.6.2022 | 22.6.2022 to 28.6.2022 | 29.6.2022 to 5.7.2022 |
|---|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 385–390 | 385–390 | 385–390 | 385–390 | 385–390 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 380–385 | 380–385 | 380–385 | 380–385 | 380–385 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 375–380 | 375–380 | 375–380 | 375–380 | 375–380 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 370–375 | 370–375 | 370–375 | 370–375 | 370–375 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 365–370 | 365–370 | 365–370 | 365–370 | 365–370 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 355–360 | 355–360 | 355–360 | 355–360 | 355–360 |
| 7 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 345–350 | 345–350 | 345–350 | 345–350 | 345–350 |
| 8 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 325–330 | 325–330 | 325–330 | 325–330 | 325–330 |
| 9 | Myanmar Long Grain White Rice 35% Broken(Reasonable Well Milled) | 320–325 | 320–325 | 320–325 | 320–325 | 320–325 |
| 10 | Myanmar Long Grain Brown Rice 5% Broken | 340–350 | 340–350 | 340–350 | 340–350 | 340–350 |
| 11 | Myanmar Long Grain Brown Rice 10% Broken | 335–340 | 335–340 | 335–340 | 335–340 | 335–340 |
| 12 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 385–390 | 385–390 | 385–390 | 385–390 | 385–390 |
| 13 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 380–385 | 380–385 | 380–385 | 380–385 | 380–385 |
| 14 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 375–380 | 375–380 | 375–380 | 375–380 | 375–380 |
| 15 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 370–375 | 370–375 | 370–375 | 370–375 | 370–375 |
| 16 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 385–390 | 385–390 | 385–390 | 385–390 | 385–390 |
| 17 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 380–385 | 380–385 | 380–385 | 380–385 | 380–385 |
| 18 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 375–380 | 375–380 | 375–380 | 375–380 | 375–380 |
| 19 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 370–375 | 370–375 | 370–375 | 370–375 | 370–375 |
| 20 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 390–395 | 390–395 | 390–395 | 390–395 | 390–395 |
| 21 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 385–390 | 385–390 | 385–390 | 385–390 | 385–390 |
| 22 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 380–385 | 380–385 | 380–385 | 380–385 | 380–385 |
| 23 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 375–380 | 375–380 | 375–380 | 375–380 | 375–380 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 390–395 | 390–395 | 390–395 | 390–395 | 390–395 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 385–390 | 385–390 | 385–390 | 385–390 | 385–390 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 380–385 | 380–385 | 380–385 | 380–385 | 380–385 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 375–380 | 375–380 | 375–380 | 375–380 | 375–380 |
| 28 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 430–435 | 430–435 | 430–435 | 430–435 | 430–435 |
| 29 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 425–430 | 425–430 | 425–430 | 425–430 | 425–430 |
| 30 | Myanmar Long Grain Parboiled Brown Rice 5% Broken | 395–405 | 395–405 | 395–405 | 395–405 | 395–405 |
| 31 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 430–435 | 430–435 | 430–435 | 430–435 | 430–435 |
| 32 | Myanmar Glutinous Rice 5% Broken | 380–400 | 380–400 | 380–400 | 380–400 | 380–400 |
| 33 | Myanmar Glutinous Rice 10 % Broken | 360–380 | 360–380 | 360–380 | 360–380 | 360–380 |
| 34 | Myanmar Glutinous Rice 15 % Broken | 350–360 | 350–360 | 350–360 | 350–360 | 350–360 |

**Source: MRF**

## ၂၀၂၂၊ ဇွန်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USd/ gal) | Narural Gas USD/ MMBtu) | Heating Oil (USd/ gal) |
|---|---|---|---|---|---|---|
| 1 | 1.6.2022 | 115.00 | 115.91 | 394.89 | 8.28 | 409.09 |
| 2 | 2.6.2022 | 112.13 | 113.23 | 401.04 | 8.74 | 407.88 |
| 3 | 3.6.2022 | 116.55 | 117.41 | 421.67 | 8.36 | 424.89 |
| 4 | 6.6.2022 | 119.86 | 120.72 | 431.15 | 8.81 | 433.79 |
| 5 | 7.6.2022 | 119.37 | 120.34 | 423.50 | 9.49 | 440.13 |
| 6 | 8.6.2022 | 119.57 | 120.60 | 414.87 | 9.37 | 430.75 |
| 7 | 9.6.2022 | 122.32 | 123.88 | 420.35 | 8.22 | 430.30 |
| 8 | 10.6.2022 | 120.80 | 122.35 | 425.74 | 8.98 | 442.61 |
| 9 | 13.6.2022 | 118.96 | 120.30 | 410.81 | 8.64 | 430.58 |
| 10 | 14.6.2022 | 120.91 | 122.23 | 402.88 | 8.69 | 427.36 |
| 11 | 15.6.2022 | 118.86 | 121.00 | 398.67 | 7.30 | 436.68 |
| 12 | 16.6.2022 | 116.35 | 119.34 | 393.03 | 7.57 | 449.69 |
| 13 | 17.6.2022 | 116.66 | 118.93 | 389.25 | 7.41 | 456.92 |
| 14 | 20.6.2022 | 109.10 | 112.65 | 377.32 | 6.72 | 431.70 |
| 15 | 21.6.2022 | 112.01 | 115.30 | 387.20 | 6.73 | 448.56 |
| 16 | 22.6.2022 | 105.73 | 110.99 | 371.97 | 6.68 | 426.09 |
| 17 | 23.6.2022 | 103.52 | 109.27 | 377.21 | 6.78 | 436.79 |
| 18 | 24.6.2022 | 105.56 | 111.29 | 378.08 | 6.24 | 433.79 |
| 19 | 27.6.2022 | 107.73 | 113.28 | 387.80 | 6.12 | 435.47 |
| 20 | 28.6.2022 | 110.75 | 116.43 | 386.96 | 6.45 | 428.81 |
| 21 | 29.6.2022 | 110.89 | 116.79 | 389.50 | 6.55 | 416.80 |
| 22 | 30.6.2022 | 110.17 | 116.61 | 373.95 | 6.49 | 402.31 |

**Source: Bloomberg Commodities**

## ၂၀၂၂၊ ဇွန်လအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 01 Jun 2022 | 158.13 | * | 224.35 | 168.76 | 168.35 |
| 2 | 02 Jun 2022 | 158.39 | * | 224.90 | 169.55 | 169.85 |
| 3 | 03 Jun 2022 | 157.32 | * | 225.50 | * | 168.45 |
| 4 | 06 Jun 2022 | * | * | 226.60 | 170.45 | * |
| 5 | 07 Jun 2022 | 156.24 | * | 226.45 | 169.37 | 167.00 |
| 6 | 08 Jun 2022 | 155.83 | * | 227.10 | 169.12 | 167.75 |
| 7 | 09 Jun 2022 | 154.80 | * | 228.20 | 170.59 | 168.80 |
| 8 | 10 Jun 2022 | 153.85 | * | 228.65 | 169.98 | 168.75 |
| 9 | 13 Jun 2022 | 150.04 | * | 227.15 | 166.89 | 164.10 |
| 10 | 14 Jun 2022 | 146.87 | * | 226.30 | 164.68 | 162.15 |
| 11 | 15 Jun 2022 | 144.18 | * | 225.40 | 162.55 | 162 |
| 12 | 16 Jun 2022 | 144.18 | * | 225.40 | * | 162.00 |
| 13 | 17 Jun 2022 | 143.92 | * | 225.40 | * | 162.30 |
| 14 | 20 Jun 2022 | 142.16 | * | 225.65 | * | 162.25 |
| 15 | 21 Jun 2022 | 141.60 | * | 225.65 | * | 161.25 |
| 16 | 22 Jun 2022 | 139.29 | * | 225.40 | * | 159.40 |
| 17 | 23 Jun 2022 | 138.04 | * | 225.50 | * | 160.55 |
| 18 | 24 Jun 2022 | 136.62 | * | 225.95 | * | 161.80 |
| 19 | 27 Jun 2022 | 136.13 | * | 226.10 | * | 162.25 |
| 20 | 28 Jun 2022 | 135.54 | * | 225.55 | * | 164.20 |
| 21 | 29 Jun 2022 | 134.23 | * | 225.50 | * | 164.40 |
| 22 | 30 Jun 2022 | 132.02 | * | 225.50 | * | 165.05 |

**Source: Association of natural rubber producing countries**

## ၂၀၂၂ ဇွန်လ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | ဝယ်ဈေး | ရောင်းဈေး |
| 1 | 1.6.2022 | 2065 | 2070 |
| 2 | 2.6.2022 | 2068 | 2073 |
| 3 | 3.6.2022 | 2070 | 2075 |
| 4 | 6.6.2022 | 2068 | 2073 |
| 5 | 7.6.2022 | 2068 | 2070 |
| 6 | 8.6.2022 | 2068 | 2070 |
| 7 | 9.6.2022 | 2068 | 2070 |
| 8 | 10.6.2022 | 2075 | 2080 |
| 9 | 13.6.2022 | 2075 | 2080 |
| 10 | 14.6.2022 | 2078 | 2080 |
| 11 | 15.6.2022 | 2078 | 2080 |
| 12 | 16.6.2022 | 2090 | 2095 |
| 13 | 17.6.2022 | 2085 | 2090 |
| 14 | 20.6.2022 | 2085 | 2090 |
| 15 | 21.6.2022 | 2085 | 2090 |
| 16 | 22.6.2022 | 2090 | 2095 |
| 17 | 23.6.2022 | 2095 | 2100 |
| 18 | 24.6.2022 | 2105 | 2110 |
| 19 | 27.6.2022 | 2105 | 2110 |
| 20 | 28.6.2022 | 2109 | 2112 |
| 21 | 29.6.2022 | 2120 | 2125 |
| 22 | 30.6.2022 | 2135 | 2140 |

Source: e trade Myanmar

## ၂၀၂၂ ဇွန်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.6.2022 | 1850.0 | 53.881 | 276.3 | 1348.0 | 23.859 | 1429.5 |
| 2 | 2.6.2022 | 1850.0 | 53.865 | 277.26 | 1345.2 | 23.850 | 1424.8 |
| 3 | 3.6.2022 | 1850.0 | 54.022 | 277.77 | 1347.4 | 23.826 | 1422.6 |
| 4 | 6.6.2022 | 1850.0 | 53.889 | 278.4 | 1347.7 | 23.823 | 1414.6 |
| 5 | 7.6.2022 | 1850.0 | 53.678 | 277.34 | 1344.6 | 23.805 | 1394.1 |
| 6 | 8.6.2022 | 1850.0 | 53.600 | 276.54 | 1344.9 | 23.801 | 1383.3 |
| 7 | 9.6.2022 | 1850.0 | 53.647 | 277.33 | 1345.2 | 23.786 | 1348.9 |
| 8 | 10.6.2022 | 1850.0 | 53.214 | 276.42 | 1339.3 | 23.77 | 1382.3 |
| 9 | 13.6.2022 | 1850.0 | 53.138 | 274.86 | 1330.9 | 23.692 | 1375.8 |
| 10 | 14.6.2022 | 1850.0 | 52.933 | 274.65 | 1331.3 | 23.7 | 1378.5 |
| 11 | 15.6.2022 | 1850.0 | 52.729 | 275.31 | 1330.5 | 23.704 | 1372.9 |
| 12 | 16.6.2022 | 1850.0 | 52.714 | 275.53 | 1331.6 | 23.706 | 1392.8 |
| 13 | 17.6.2022 | 1850.0 | 52.46 | 276.04 | 1335.4 | 23.704 | 1371.9 |
| 14 | 20.6.2022 | 1850.0 | 52.356 | 276.59 | 1334.3 | 23.716 | 1372.8 |
| 15 | 21.6.2022 | 1850.0 | 52.445 | 276.27 | 1336.0 | 23.695 | 1367.1 |
| 16 | 22.6.2022 | 1850.0 | 52.105 | 275.40 | 1331.1 | 23.644 | 1357.8 |
| 17 | 23.6.2022 | 1850.0 | 52.120 | 275.78 | 1330.7 | 23.617 | 1366.2 |
| 18 | 24.6.2022 | 1850.0 | 52.135 | 276.33 | 1332.9 | 23.626 | 1370.9 |
| 19 | 27.6.2022 | 1850.0 | 52.393 | 276.60 | 1335.9 | 23.610 | 1369.8 |
| 20 | 28.6.2022 | 1850.0 | 52.714 | 276.72 | 1335.6 | 23.480 | 1363.4 |
| 21 | 29.6.2022 | 1850.0 | 52.609 | 276.19 | 1331.7 | 23.428 | 1357.8 |
| 22 | 30.6.2022 | 1850.0 | 52.386 | 276.25 | 1329.4 | 23.431 | 1357.6 |

Source: Central Bank of Myanmar